ကြေးမုံ
The Mirror
၁၃၇၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်၊ သောကြာနေ့၊ (4-12-2009)(၆၂၄၂)

ရွှေဟင်္သာ
ဆရာတော်ဘုရားကြီး၏
ဆုံးမသြဝါဒ

အများအကျိုး၊ ရွာသယ်ပိုးက၊
ခနိုးခနဲ့၊ ဆိုကဲ့ရဲ့လည်း၊
မဖဲ့စကောင်း၊ ကိုယ့်လမ်းကြောင်းကို၊
စိတ်ကောင်းနှင့်ယှဉ်၊ ရွေးရွှန်းလော့။

# အမျိုးသားအဆင့် မသန်စွမ်းသူများဆိုင်ရာလုပ်ငန်းစီမံချက် ရေးဆွဲလျက်ရှိ

## စီမံချက်သည် ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ပိုမိုရှင်သန်ထောင်စုနှစ် ပံ့ပြိုးရေးပန်းတိုင် ရည်မှန်းချက်ဖော်ဆောင်ရာ၌ အထောက်အကူပြု

နေပြည်တော် ဒီဇင်ဘာ ၃

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၀၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်ထွန်းအောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ဌာနေညှိနှိုင်းရေးမှူး Mr. Bishow B. Parajuli၊ The Leprosy Mission International Country Director ဒေါက်တာအောင်နိုင်၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဆုရရှိကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**

ရှေ့ဦးစွာ ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက အမှာစကားပြောကြားရာတွင် နှစ်စဉ် ဒီဇင်ဘာ ၃ ရက်ကို အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အဖြစ် ကုလသမဂ္ဂအဖွဲ့ကြီးက ဂုဏ်ပြုသတ်မှတ်ထားကြောင်း၊ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် မြန်မာ့လူ့အဖွဲ့အစည်းအတွင်း၌ရှိသည့် မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာနှင့် စိတ်ဓာတ်ခွန်အားများ မြင့်မားလာစေရန် သန်စွမ်းသူများနည်းတူ တန်းတူရည်တူ အခွင့်အရေးများ ရရှိစေရန်ဆိုသည့် ရည်ရွယ်ချက်များဖြင့် နှစ်စဉ် ဒီဇင်ဘာ ၃ ရက်ရောက်တိုင်း ယခုကဲ့သို့ အခမ်းအနားမျိုးကို အစဉ်အလာမပျက် ဂုဏ်ပြုကျင်းပပေးခဲ့သည်မှာ ယခုနှစ်သည် (၁၆)နှစ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

### နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* နိုင်ငံသည် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကို လည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* စွေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည့် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ တိုတိုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြွရှိနိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# လင်းခေးမြို့နယ်မှ ဒါးဆိပ်မြစ်ရေတင်စီမံကိန်း ဒေသဖွံ့ဖြိုး အထွက်တိုး အောင်မြင်

သတင်းဆောင်းပါး - ငြိမ်းအောင်
ဓာတ်ပုံမှတ်တမ်း - ဇော်မင်းထွန်း
အဆင်အပြင်
ကိုမင်း

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ် ဒါးဆိပ်ကျေးရွာတွင် တည်ဆောက်ပေးထားသည့် ဒါးဆိပ်မြစ်ရေတင်စီမံကိန်းသည် ပတ်ဝန်းကျင်ကျေးရွာများအတွက် စိုက်ပျိုးရေးများ ပေးဝေလျက်ရှိသည်။

လင်းခေးခရိုင်သည် ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ခရိုင်တစ်ခုဖြစ်သည်။ အေးမြသည့် ရာသီဥတု၊ သာယာလှပသည့် လွင်ပြင်တောင်တန်းများရှိသည်။ ရှည်လျားသော သံလွင်မြစ်ကြီးသည် ကယားပြည်နယ်မှ ဖြတ်သန်း၍ လင်းခေးနှင့် ဟိုမိန်းမှ ဖောက်ထွက်ကာ လင်းခေးခရိုင်ကို ပတ်ဝိုင်းစီးဆင်းသည်။ လင်းခေးခရိုင်သည် တောင်ကြီးခရိုင်၏ အရှေ့ဘက်၊ လွိုင်လင်ခရိုင်၏ တောင်ဘက်တွင် တည်ရှိသည်။

### ထည့်သွင်းဖွဲ့စည်း

မူလက လင်းခေးခရိုင်သည် လွိုင်လင်ခရိုင်အတွင်း တည်ရှိသည်။ ၂၀၀၄ ခုနှစ် ဩဂုတ် ၂ ရက်မှစ၍ လွိုင်လင်ခရိုင်အတွင်းမှ လင်းခေးခရိုင်အဖြစ် ခွဲထွက်ဖွဲ့စည်းသတ်မှတ်ခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် လင်းခေးခရိုင် မိုင်းပန်မြို့နယ်မှ ဟိုမိန်းမြို့ကို လင်းခေးမြို့နယ်အတွင်း ထည့်သွင်းဖွဲ့စည်းသတ်မှတ်ခဲ့သည်။

ဟိုမိန်းမြို့အနီး သံလွင်မြစ်မှ ခွဲဖြာစီးဆင်းနေသော ချောင်းငယ်များသည် လင်းခေးခရိုင်ကို စိမ်းလန်းစိုပြည်ရေးအတွက် အထောက်အကူပြုလျက်ရှိသည်။ လင်းခေးခရိုင်တွင် လင်းခေး၊ မောက်မယ်၊ မိုးနဲ၊ မိုင်းပန်မြို့နယ်များပါဝင်ပြီး ကယားပြည်နယ်၊ ထိုင်းနိုင်ငံတို့နှင့် နယ်စပ်ချင်းထိစပ်လျက်ရှိသည်။ လူဦးရေမှာ တစ်သိန်းကျော်ရှိပြီး မြို့ခြောက်မြို့၊ ရပ်ကွက် ၃၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၈ အုပ်စု၊ ကျေးရွာပေါင်း ၆၆၇ ရွာရှိသည်။ ဒေသခံတိုင်းရင်းသား အများစုသည် စိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။

**စာမျက်နှာ ၉ ကော်လံ ၄ သို့** ☆

ကြေးမုံ The Mirror
၄-၁၂-၂၀၀၉ (သောကြာနေ့)

# ဖွံ့ဖြိုးရေးအခြေခံလမ်းများ အဆင့်မြှင့်တင်
## မြို့ပြနှင့်ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

ယနေ့အချိန်အခါတွင် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားရေးဘဝ တိုးတက်ခိုင်မာပြီး လူနေမှုအဆင့်အတန်း မြင့်မားရေးအတွက် ဘက်စုံကဏ္ဍစုံက ကြိုးပမ်းဖော်ဆောင်ပေးနေသည်။ နယ်မြေဒေသအလိုက် ဖွံ့ဖြိုးရေး အခြေခံလိုအပ်ချက်များ တိုးမြှင့်တည်ဆောက် ပြည့်ဆည်းပေးလျက်ရှိသည်ကို တွေ့ရသည်။

ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး ခြောမွေ့ကောင်းမွန်စေရန် မြို့ပြနှင့် ကျေးလက်ဆက်သွယ်ရေးလမ်းများ၊ ခရိုင်ချင်းဆက်လမ်းများကို အဆင့်မြှင့်တင်ဖောက်လုပ်ပေးလျက်ရှိသည်။

စည်ပင်သာယာရေးဦးစီးဌာန မြို့နယ်စည်ပင်သာယာရေးအဖွဲ့များက ၂၀၀၉ ခုနှစ် နိုဝင်ဘာလကုန်အထိ မြေသားလမ်း၊ ကျောက်ခြောလမ်း၊ ကတ္တရာလမ်းများအပါအဝင် လမ်းမိုင် လေးသောင်းကျော် ဖောက်လုပ်နိုင်ခဲ့သည်။

အလားတူ ခရိုင်ချင်းဆက်လမ်းများကို ဖောက်လုပ်လျက်ရှိရာ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးခုနှစ်ကုန်အထိ ခရိုင်ချင်းဆက်လမ်း အမှတ် (၁)၊ အမှတ်(၂)နှင့် အမှတ်(၃)တို့၌ ကျောက်ခြောလမ်း၊ ကတ္တရာလမ်းများ အဆင့်မြှင့်တင် ဖောက်လုပ်လျက်ရှိသည်။

မြို့ပြသာယာဖွံ့ဖြိုးရေး ဖော်ဆောင်ရာတွင် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းများလည်း ပါဝင်သည်။ ယခုအခါ အပူပိုင်းဒေသရှိ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့တွင် ကျေးလက်ရေရရှိရေးလုပ်ငန်း ရှုထောင်ကျော်၊ အခြားပြည်နယ်နှင့် တိုင်းများတွင် ကျေးလက်ရေရရှိရေးလုပ်ငန်း တစ်သောင်းလေးထောင်ကျော်တို့ကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ဒေသအလိုက် ကူးသန်းဆက်သွယ်သွားလာမှု လွယ်ကူချောမွေ့ရေးအတွက် လမ်းများတိုးချဲ့ဖောက်လုပ် အဆင့်မြှင့်တင်ခြင်း၊ သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာရရှိရေး ဖြည့်ဆည်းပေးခြင်းတို့ကို အစဉ်တစိုက် ကြိုးပမ်းဖော်ဆောင်ပေးလျက်ရှိသည်။ ပြည်သူများအားလုံး ကလည်း မြို့ပြဝန်းကျင် သာယာလှပစိမ်းလန်းစိုပြည်ရေး၊ ကျန်းမာသန့်ရှင်း ရောဂါဘယကင်းရှင်းရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင် ကူညီကြခြင်းဖြင့် မြို့ပြနှင့်ကျေးလက်တစ်ခွင် ထာဝစဉ် ဖွံ့ဖြိုးစည်ပင် သာယာလှပနေမည် ဖြစ်ပါသည်။ ။

**ပုလဲတွန်ဈေ ဗဟန်းမြို့နယ် ရန်ကုန်မြို့နေ ဒေါ်စိုးလွင်၏ (၈၇)နှစ်မြောက် မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် ဒီဇင်တခါနယ်သာဆေးရုံကြီးသို့ ထာဝရနဝကမ္ဘူ ဝွေဒေသာပင် အလှူငွေ ကျပ်လေးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးလှသိန်း လက်ခံစဉ်။** (သတင်းစဉ်)

# အထက(၄)စစ်တွေ မြတ်ဆရာပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၃**

ရခိုင်ပြည်နယ် စစ်တွေမြို့ အထက(၄)ကျောင်း၏ စတုတ္ထအကြိမ်မြောက် သက်ပြည့်အကြိမ်စား ဆရာ၊ ဆရာမများအား မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၇ရက်တွင် ကျောင်းခန်းမ၌ ကျင်းပပြုလုပ်ရာ ဂါရဝပြုလေ့နှင့် ငွေဝေသောပင်များကို ဒေါက်တာလတ်လတ်ထွန်း ဖုန်း-၀၉-၈၅၀၁၆၄၊ ဒေါက်တာခင်အေးနု ဖုန်း-၀၉-၈၅၀၀၈၃၃၊ ဒေါက်တာမိုးကျော် ဖုန်း-၀၉-၅၆၈၀၃၃၀၊ ဒေါက်တာအောင်ဇော်ညွှန့် ဖုန်း-၀၉-၈၅၀၀၅၇၂၂၊ ဒေါ်စောမူ ဖုန်း-၀၄၃-၂၃၄၂၀၊ ဦးဇော်အေးမောင် ဖုန်း-၀၉-၅၁၀၄၀၀၇၊ ဒေါ်ခင်မြန့ ဖုန်း-၀၉-၅၀၂၄၃၄၅၅၅၊ ဒေါ်မြသီတာ ဖုန်း-၀၁-၂၂၆၁၃၇၊ ကိုအောင်ကျော်ဇံ ဖုန်း-၀၉-၅၆၈၀၄၅၀၊ ကိုအောင်ကျော်ညွှန့် ဖုန်း-၀၉-၈၅၀၀၁၂၀ နှင့် ကိုကျော်သူဝင်း ဖုန်း-၀၉-၅၀၅၂၀၅၉၉၃၌ ဆက်သွယ်လျှောက်ထားနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ပိုလ်ချုပ်ဌေးဦးအား
## UNDP ဌာနေကိုယ်စားလှယ် တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၃**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ပိုလ်ချုပ်ဌေးဦးအား ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (United Nations Development Programme-UNDP) ဌာနေကိုယ်စားလှယ် Mr. Bishow B.Parajuli သည် ယမန်နေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ဆည်မြောင်းဦးစီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် ဝန်ကြီးဌာနရှိလုပ်ငန်းများမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

### လာရောက်တွေ့ဆုံ

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ပိုလ်ချုပ်ဌေးဦးအား ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (United Nations Development Programme-UNDP) ဌာနေကိုယ်စားလှယ် Mr. Bishow B.Parajuli ရန်ကုန်မြို့ ရန်တင်းမြို့နယ်ရှိ ဆည်မြောင်းဦးစီးဌာန ဧည့်ခန်းမ၌ လာရောက် တွေ့ဆုံစဉ်။** (သတင်းစဉ်)

# ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၃**

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်က ကြီးမှူးကျင်းပသော လစဉ် ဘာသာရပ်ဆိုင်ရာဟောပြောပွဲ (ဒီဇင်ဘာ ၂၀၀၉)ကို ရွှေနဂါးမင်းကုမ္ပဏီ၏ ပုံပြမှုဖြင့် ဒီဇင်ဘာ ၅ ရက်(စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ စီးပွားရေးပညာရှင် ဦးမြင့်က "တရုတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ခြင်း၏ အိမ်နီးချင်း နိုင်ငံများအပေါ် အကျိုးသက်ရောက်မှု" (Rise of China and its Implications for Neighbouring Countries) ခေါင်းစဉ်ဖြင့် ဟောပြောမည် ဖြစ်သည်။

အဆိုပါ ဟောပြောပွဲသို့ ကုန်သည်/စက်မှုအသင်းချုပ်နှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌများ၊ အမှုဆောင်များ၊ အသင်းဝင်များနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြကြောင်း သိရသည်။ (ကြေးမုံ)

**အမှတ်(၃) အခြေခံပညာမူလတန်းကျောင်း အင်းစိန်မြို့နယ်၏ ၂၀၀၈-၂၀၀၉ ပညာရည်သွန်းဆုငေးပွဲ ကျင်းပရာ မြို့နယ်အဆင့်ဆုရရှိသော မနန္တာသိရိအား ကျောင်းအုပ်ဆရာကြီး ဦးကျော်ဇေဦး ဆုချီးမြှင့်စဉ်။** (ကြေးမုံ)

# အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် Shandong Machinery & Equipment Imp & Exp Group Corporation တို့ စာချုပ်ချုပ်ဆိုပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃**

အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း အထူးဆေးဝါးလုပ်ငန်းစက်ရုံ (ရန်ကုန်)၊ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ (စစ်ကိုင်း) တို့သို့ စက်ပစ္စည်းများ ပေးသွင်းရန်နှင့် မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း ကြေရည်စိမ်နှင့် စတီးလ် အိမ်သုံးပစ္စည်းစက်ရုံ (မင်းစု)၌ ဆေးရုံသုံးစတီးလ်ပစ္စည်းများ ထုတ်လုပ်ရေးအတွက် စက်ပစ္စည်းများပေးသွင်းရန် မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၊ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Shandong Machinery & Equipment Imp & Exp Group Corporation တို့၏ စာချုပ်ချုပ်ဆိုပွဲကို ယမန်နေ့နံနက် ၇ နာရီတွင် နေပြည်တော်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် အထွေထွေမန်နေဂျာများ၊ Shandong Machinery & Equipment Imp & Exp Group Corporation မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာချုပ်ချုပ်ဆိုပွဲတွင် မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းလွင်၊ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တိုးနှင့် Shandong Machinery & Equipment Imp & Exp Group Corporation မှ Deputy General Manager, Mr. Sun Quing တို့က စာချုပ်ကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

# ဟိုတယ်လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၃**

မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း(ရန်ကုန်ဒုံရိ) နှစ်ပတ်လည်နှင့် အမှုဆောင်ရွေးချယ် အစည်းအဝေးပွဲကို ဒီဇင်ဘာ ၁၈ ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ပိုလ်ချုပ်အောင်ဆန်းလမ်း Asia Plaza Hotel ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် ဟိုတယ်နှင့်ပတ်သက်သော အသုံးအဆောင်ပစ္စည်းများရောင်းချသည့် ကုမ္ပဏီများမှလည်း အခမဲ့ လာရောက်ခင်းကျင်းပြသနိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

# ပုံနှိပ်စက်ရုံကြီးငှိုင်ထိန်းသိမ်းမှု အစဉ်စောင့်ကြည့်၍ မပြတ်ပြုပြင်ဆောင်ရွက် ပုံနှိပ်လုပ်ငန်းအဆင့်ဆင့်တွင် အရည်အသွေးစစ်ဆေးမှုကို ပိုမိုစေ့စပ်သေချာစွာစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၃

**မြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဒီဇင်ဘာ ၁ ရက် ၈ နာရီတွင် မန္တလေးတိုင်း ခွဲခြမ်းစိတ်ဖြာနယ် အောင်ပင်လယ်ရပ်ကွက်ရှိ မြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ (မန္တလေး)သို့ ရောက်ရှိပြီး ပုံနှိပ်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။**

ရှေးဦးစွာ ဝန်ကြီးသည် စက်ရုံဝင်းအတွင်း အရိပ်ရလေကာပင်နှင့် စားပင်သီးနှံများ စိုက်ပျိုးထားရှိမှုနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ မီးဘေးလုံခြုံရေး စီမံဆောင်ရွက်ထားရှိမှု နှင့် ပုံနှိပ်စက်ရုံ အဆောက်အအုံများ ကြုံခိုင်ထိန်းသိမ်းရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံ ရှင်းလင်းပြသကြသည်။

ယင်းနောက် ဝန်ကြီးသည် စက်ရုံအတွင်း ပုံနှိပ်ပြီး ကျောင်းသုံးဖတ်စာအုပ်များ၏ အရည်အသွေးကောင်းမွန်မှု၊ ကုန်ကြမ်းစက္ကူလိပ်များ သိုလှောင်ထားရှိမှု အခြေအနေ၊ ပုံနှိပ်ပြီးဖတ်စာအုပ်များ စာအုပ်ချုပ်ရန်အတွက် ဆောင်ရွက်နေမှု အခြေအနေ၊ စာအုပ်ချုပ်စက်များ၊ စက္ကူဖြတ်စက်များ၊ ပလိတ်ပြားသွေးစက်၊ ဓာတ်ပုံနှင့် ပုံနှိပ်လုပ်ငန်းသုံးစက်နှင့် စက်ပစ္စည်းများ ကြုံခိုင်ထိန်းသိမ်းရေး ဆောင်ရွက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး စက်ရုံအတွင်း အရိပ်ရ လေကာပင်၊ နှစ်ရှည်သီးပင်နှင့် စားသုံးသီးနှံများ ပိုမိုတိုးချဲ့စိုက်ပျိုးရေး၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် သန့်ရှင်းသပ်ရပ်ရေးအတွက် စနစ်တကျ ဆောင်ရွက်ထားရှိရေး၊ ပုံနှိပ်စက်ရုံ အဆောက်အအုံအတွင်းပိုင်း ကြုံခိုင်ထိန်းသိမ်းမှုကို အစဉ်စောင့်ကြည့်၍ မပြတ်ပြုပြင်ဆောင်ရွက်ရေး၊ ကုန်ကြမ်းများထားသိုမှု ပိုမိုစနစ်တကျ ရှိစေရေးအစဉ်အရည်အသွေးကောင်းမွန်သည့် ပုံနှိပ်ကုန်ချောများ ထွက်ရှိစေရန် အတွက် ကုန်ကြမ်းပြင်ဆင်မှုမှသည် ကုန်ချောထွက်ရှိသည်အထိ ပုံနှိပ်လုပ်ငန်း အဆင့်ဆင့်တွင် တာဝန်ရှိသူအသီးသီးက အရည်အသွေး စစ်ဆေးမှုကို ပိုမိုစေ့စပ်သေချာစွာ ကြပ်မတ်စစ်ဆေးခြင်း၊ ပေါင်းစပ်ညှိနှိုင်း သုံးသပ်ဆွေးနွေး၍ ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ပုံမှန် ဆောင်ရွက်ကြရေး၊ ကုန်ကြမ်းအလေအလွင့်မရှိအောင် ကြပ်မတ်စီမံဆောင်ရွက်ရေး၊ ဝန်ထမ်းအားလုံး၏ သက်သာချောင်ချိရေးကိုအထူးအလေးထားစီမံပြည့်ဆည်းပေးရေးတို့ကို တာဝန်ရှိသူများအား အသေးစိတ်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ကြည့်ရှုစစ်ဆေး

**မြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အထက် မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ (မန္တလေး)၌ ပုံနှိပ်ပြီး ကျောင်းသုံးဖတ်စာအုပ်များ၏ အရည်အသွေး ကောင်းမွန်မှု၊ တုန်ကြမ်းစက္ကူများ သိုလှောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

**မြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ (မန္တလေး)၏ ပုံနှိပ်လုပ်ငန်းသုံးစက်နှင့် စက်ပစ္စည်းများ ကြိုခိုင်ထိန်းသိမ်းရေး ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

## E-Commerce and Intellectual Property

# ဟောပြောပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၃**

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၏လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းကကြီးမှူး၍ "E-Commerce and Intellectual Property" ဟောပြောပွဲကို ဒီဇင်ဘာ ၅ရက် (စနေနေ့) မွန်းလွဲ ၁ နာရီမှ ညနေ ၄နာရီအထိ Myanmar Info Tech,Hlaing Campus(Conference Hall) ၌ World Intellectual Property Organization(WIPO) မှ Mr. Jose Luis Herce Vigil က ဟောပြောဆွေးနွေးမည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းဝင်များ၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းဝင်များနှင့်တကွ စိတ်ပါဝင်စားသူ မည်သူမဆိုတက်ရောက်နိုင်ကြောင်းနှင့် အသေးစိတ်သိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းရုံးခန်း၊ (MCIA), Myanmar Info Tech (လှိုင်တက္ကသိုလ်နယ်မြေ) ဖုန်း-၆၅၂၂၃၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

## TV Guide ထုတ်ဝေဖြန့်ခွဲ

**ရန်ကုန် ဒီဇင်ဘာ ၃**

TV Guide အတွဲ ၁၊ အမှတ် ၂၂ ကို ဒီဇင်ဘာ ၄ ရက် (သောကြာနေ့) တွင် ဖြန့်ချိမည်ဖြစ်ကြောင်းသိရသည်။

ယင်း TV Guide တွင် Channel V ရုပ်သံလိုင်း၌ ပြသမည့် Beyonce ၏ Video Phone Music Video အစီအစဉ်အကြောင်း၊ MTV ရုပ်သံလိုင်းတွင်ပြသမည့် New Moon Special အစီအစဉ်၊ ကိုရီးယားမင်းသားချော ရိန်းပါဝင်ရိုက်ကူးထားသည့် Ninja & Assassin ရုပ်ရှင်အကြောင်း၊ ESPN နှင့် STAR SPORTS ရုပ်သံလိုင်းများတွင် တိုက်ရိုက်ပြသမည့် မန်စီးတီး-ချယ်လ်ဆီး၊ ဝက်စ်ဟမ်း-မန်ယူ၊ ဘလက်ဘန်း-လီဗာပူးလ်၊ ပို့စ်မောက်-ဘန်လေ၊ အဲဗာတန်-တော့တင်ဟမ်ပွဲစဉ်များ၏ ပွဲကြိုသုံးသပ်ချက်များ၊ လူအများ မသိရှိသေးတဲ့ ချင်ပဲဇီမျောက်တွေရဲ့ ရက်စက်ကြမ်းကြုတ်မှုများကို မြင်တွေ့ရမည့် Nat Geo Wild ရုပ်သံလိုင်း၏ The Dark Side of Chimps အစီအစဉ်၊ NGC ရုပ်သံလိုင်းတွင် ပြသမည့် အမေရိကန်သမ္မတစီးနင်းသည့် Air Force One လေယာဉ်အကြောင်း၊ ရေခဲမြစ်များ လျင်မြန်စွာ ပျော်ကျနေသည့် အကြောင်း ပြသမည့် Extreme Ice အစီအစဉ် အကြောင်း၊ Discovery ရုပ်သံလိုင်းတွင်ပြသမည့် ရောမနိုင်ငံ၏ အုံဩဖွယ်နေရာ ခုနစ်ခုအကြောင်း၊ လိုဏ်ခေါင်းများ တည်ဆောက်ခြင်းအကြောင်းပြသည့် Built from Disaster အစီအစဉ်၊ MRTV-4 ရုပ်သံလိုင်း၏ အစီအစဉ်သစ်တစ်ခုဖြစ်သည့် အမှားမြင်စရာ နှစ်ပါးသာဘင်မဟာအစီအစဉ်အကြောင်း၊ အဖြူရောင်ဖက်ရှင်၊ ဆိုနီ၊ မိုးကျော်နှင့် ဆူဝေလွင်တို့၏ မက်ဆတ်ဆုံးတဲ့ ပြက်လုံးအစီအစဉ်၊ ဘရစ်တနီစပီးယားစ် အမေအကြောင်းသိရမည့် ဘဝများ အစီအစဉ်ပြသမည့် အကြောင်းများနှင့် ပါဝင်နေကျ ကဏ္ဍများ၊ တစ်ပတ်စာ အစီအစဉ်များ ပါဝင်သည်။

TV Guide စာစောင်ကို တစ်စောင်လျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် City Mart များ၊ စိန်ဂေဟာစင်တာများ၊ Shopping Centre များ၊ စာအုပ်ဆိုင်များနှင့် ဂျာနယ်ဆိုင်များ၌ ဝယ်ယူနိုင်ကြောင်းနှင့် ရန်ကုန်ပြို့နှင့် မန္တလေးပြို့များတွင် အိမ်တိုင်ရာရောက် အစီအစဉ် ရှိနေပြီဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

## ၄-၁၂-၂၀၀၉ (သောကြာနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo
ပဌာန်းပို့ဆောက်+
အာဋာနာဋိယသုတ်

၅း၁၅ MRTV-4 သတင်း

၆း၀၀ "ဘဝနာ (၄၀)"တရားတော်
(အပိုင်း-၂)
(ဆရာတော်ဘဒ္ဒန္တသုမန)

၆း၅၅ ပြိုင်းချမ်းမြေ့ ရတနာလာဘမုနိ
ဆုတောင်းပြည့်ဖြွားရာ

၇း၀၀ MRTV-4 သတင်း

၇း၁၅ MRTV-4 ကာတွန်းအစီအစဉ်

၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နားခိုလိုက်ပါ မေဇွာခိုပ်မှာ" (အပိုင်း-၁၆)**

၈း၃၀ Sports World
(Planct Speed)

၈း၅၅ သွေးကင်ဆာရောဂါနှင့် အနာဂတ်
ဆေးပညာ

၉း၂၅ လုံခြုံရေးဆွေးမြေ့မှုသည် ထူးချွန်
ထက်မြက်သော အနာဂတ်ဆီသို့

၉း၄၀ Movie Talk
(ဒါရိုက်တာကြည်ဇင်းထွန်း၊
ဒေါ်ခင်လေးချော့)(အပိုင်း-၂)

၁၀း၃၀ ရွှေဖြူ၏အလေအလွင့်များမှသည်
စက်မှုမွမ်းအားဖြင့် ခရမ်းရောင်အာ
ဆီသို့

၁၀း၅၅ Make In A Delicious Way
(စပ်ဒိုးအစားအစာပြုလုပ်နည်း)

၁၁း၁၅ လန်းဆန်းသွက်လက်စေဖို့
အတွက် ပန်းမွှေးဆီသုံး ရေချိုးစက်
ဖက်ရှင်လမ်းညွှန်
(EMO & GOTHIC FASHION)

၁၂း၀၅ တံငါတံတား

၁၂း၃၀ နွယ်ပြိုမ်းရဲ့ သင်္ကေတ. . .
မြန်မာ့အလှ

၁၂း၃၀ Science Tech Today

၁၂း၅၀ လုံခြုံရေးဆွေးမွေ့မှုသည် ထူးချွန်
ထက်မြက်သော အနာဂတ်ဆီသို့

၁း၀၀ "ဘဝနာ (၄၀)"တရားတော်
(အပိုင်း-၂)
(ဆရာတော်ဘဒ္ဒန္တသုမန)

၂း၀၀ MRTV-4 သတင်း

၂း၄၅ World of Knowledge
(SAMURAI BOW)

၃း၀၀ ကုန်းမာဟော့ရွှင်မီးအိမ်ရှင်ကဏ္ဍ
(ဒေါက်တာနီကိတင်ဂေးလ်နှင့်
ဆွေးနွေးခန်း)

၃း၅၅ လန်းဆန်းသွက်လက်စေဖို့
အတွက်ပန်းမွှေးဆီသုံး ရေချိုးစက်

၄း၂၅ Science Tech Today

၄း၃၀ သွေးကင်ဆာရောဂါနှင့် အနာဂတ်
ဆေးပညာ

၅း၀၀ VJ Choice

၅း၃၀ သူတို့ပြောတဲ့သူတို့အကြောင်း
(သရုပ်ဆောင် ချစ်ရာနှင့်တွေ့
ဆုံခြင်း) (အပိုင်း-၁)

၆း၀၀ MRTV-4 သတင်း

၆း၂၀ လှပသစ်ဆန်း အလှပြင်ဆန်း
(TONY TUN TUN BEAUTY
PLANET)

၆း၅၅ ဖက်ရှင်လမ်းညွှန်
(EMO & GOTHIC FASHION)

၇း၁၅ Make In A Delicious Way
(စပ်ဒိုးအစားအစာပြုလုပ်နည်း)

၇း၄၀ FMF Selection

၈း၀၀ MRTV-4 သတင်း

၈း၃၀ VJ Choice

၉း၀၀ သူတို့ပြောတဲ့သူတို့အကြောင်း
(သရုပ်ဆောင် ချစ်ရာနှင့်တွေ့
ဆုံခြင်း) (အပိုင်း-၁)

၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နားခိုလိုက်ပါ မေဇွာခိုပ်မှာ" (အပိုင်း-၁၆)**

၁၀း၀၀ လှပသစ်ဆန်းအလှပြင်ဆန်း
(TONY TUN TUN BEAUTY
PLANET)

၁၀း၂၅ မြန်မာမှုလက်ရာ ပန်းတင်းပညာ

၁၀း၅၅ ကုန်းမာဟော့ရွှင်မီးအိမ်ရှင်ကဏ္ဍ
(ဒေါက်တာနီကိတင်ဂေးလ်နှင့်
ဆွေးနွေးခန်း)

၁၁း၁၀ Say It In English

၁၁း၂၅ "အင်း"ငွေပန်းထိပ်ရဲ့
အင်္ဂေအသက်

၁၁း၄၀ ရွှေတန်ဖော် လျှစ်စစ်မြစ်ရေတင်
လှပသစ်နှင့်ပွဲဖြိုးတီးတက်နေ
သော ရွှေတန်ဖော် စံပြကျေးရွာ

၁၁း၅၅ ကဏ္ဍစုံလင် အားကစားအစီအစဉ်

၁၂း၀၀ အစီအစဉ်ပြီး။

**MRTV-4 အစီအစဉ်များကို ရန်ကုန်ပြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးပြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

# အစ္စလာမ္မာဘတ်မြို့တော်ရှိ ရေတပ်ဌာနချုပ်ဝင်ပေါက်၌ ဗုံးပေါက်ကွဲ နှစ်ဦးသေဆုံး၊ လေးဦးဒဏ်ရာရရှိ

**အစ္စလာမ္မာဘတ် ဒီဇင်ဘာ ၃**

ပါကစ္စတန်နိုင်ငံ မြို့တော် အစ္စလာမ္မာဘတ်၌ ဗုံးပေါက်ကွဲမှုကြောင့် လူနှစ်ဦး သေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့သည်။

အစ္စလာမ္မာဘတ် မြို့လယ်ကောင်ရှိ ပါကစ္စတန်ရေတပ်ဌာနချုပ် အဝင်ဂိတ်တွင် ဒီဇင်ဘာ ၂ ရက် မွန်းလွဲပိုင်းက အသေခံ ဗုံးဖောက်ခွဲမှု ဖြစ်ပွားခဲ့သည်။ အစောင့်အကြပ် အထပ်ထပ်ခုထားသော ရေတပ်ဌာနချုပ်၏ ဂိတ်ပေါက်ဝအနီးသို့ ဆယ်ကျော်သက်အရွယ်ရှိ အသေခံ ဗုံးဖောက်ခွဲသူသားက လမ်းလျှောက်ဝင်လာပြီး ဗုံးဖောက်ခွဲခဲ့သည်ဟု ရဲအရာရှိများ၏ ပြောကြားချက်ကို ကိုးကား၍ အေပီသတင်းဌာနက ဖော်ပြသည်။

ဗုံးဖောက်ခွဲမှုကြောင့် အစောင့်တပ်ဖွဲ့ဝင်တစ်ဦးနှင့် ဗုံးဖောက်ခွဲသူတို့ သေဆုံးခဲ့ကြောင်း၊ ရေတပ်ဌာနချုပ် အဆောက်အအုံမှာ အပျက်အစီးမရှိကြောင်း အရာရှိများက ပြောကြားသည်။ ပါကစ္စတန်နိုင်ငံ၏ ဗုံးမိုးမှုမရှိသော လှုပ်ရှားစုသေတွင်းရှိ စစ်သွေးကြွများကို ပါကစ္စတန်တပ်ဖွဲ့က လအတန်ကြာထိုးစစ်ဆင်ခဲ့နေသော်လည်း တာလီဘန်ထောက်ခံသော စစ်သွေးကြွများက ဗုံးဖောက်ခွဲတိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်လျက်ရှိသည်။

**အင်တာနက်။**

# အီရတ်တွင် အမေရိကန်လေကြောင်းမှုတိုက်၊ တစ်ဦးသေဆုံး

**ဘွဒတ် ဒီဇင်ဘာ ၃**

အီရတ်နိုင်ငံအရှေ့မြောက်ပိုင်းရှိ မဧဋိမသက်ဖြစ်နေသော ဒီယားလားပြည်နယ် ဆာဒီးယားမြို့တွင် ဗုဒ္ဓဟူးနေ့ ဧစာစေ ပိုင်းက အမေရိကန်နှင့် အီရတ်ခြေလျင်ကင်းလှည့်တပ်ဖွဲ့သည် အဆောက်အအုံတစ်ခုကို ရှာဖွေနေစဉ် သေနတ်သမား ငါးဦးက ပိုင်းခန်းတိုက်ခိုက်သဖြင့် လေကြောင်းစစ်ကူတောင်းခံခဲ့ရာ အမေရိကန်၏ လေကြောင်းတိုက်ခိုက်မှုကြောင့် သေနတ်သမားတစ်ဦး သေဆုံးကြောင်း အမေရိကန် စစ်ဘက် ကြေညာချက်တွင် ဖော်ပြထားသည်။

တပ်ဖွဲ့ဝင်များကို သောင်းကျန်းသူများဟု ယူဆရသော သေနတ်သမားများက သေနတ်ဖြင့် ပစ်ခတ်ခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။ လွန်ခဲ့သော နှစ်က အဆိုပါအိမ်ကို သောင်းကျန်းသူများက တိုက်ခိုက်ခဲ့ကြသည်ဟု တာဝန်ရှိသူများက ဆိုသည်။

သေနတ်သမားများမှာ အီရတ်နိုင်ငံအတွင်းရှိ အယ်လ်ခိုင်ဒါအဖွဲ့ဝင်များ ဖြစ်သည်ဟု သံသယရှိကြောင်း၊ သေနတ်သမားလေးဦးကို ဖမ်းဆီးထားကြောင်း အမေရိကန်စစ်ဘက် ကြေညာချက်တွင် ဖော်ပြထားသည်။

အမေရိကန်စစ်ဘက်က ယင်းဖြစ်ရပ်နှင့် ပတ်သက်၍ ချက်ချင်း သဘောထားမှတ်ချက်ထုတ်ပြန်ခြင်း မပြုပေ။

**အင်တာနက်။**

**ဒီဇင်ဘာ ၁ ရက်က ဘွဒတ်မြို့လယ်ရှိ စစ်ဆေးရေးစခန်း၌ အီရတ်ရဲတပ်ဖွဲ့ဝင်များ စောင့်ကြပ်နေသည်ကို တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

**ဒီဇင်ဘာ ၂ ရက်တွင် အီရန်အဓိပတိရက ပြန်လွှတ်ပေးလိုက်သော ဗြိတိသျှ ရွှက်တိုက်သမားများကို တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# ဗြိတိသျှရွက်တိုက်သမားငါးဦးကို အီရန်ပြန်လွှတ်ပေး

**တီဟီရန် ဒီဇင်ဘာ ၃**

အီရန်အစိုးရသည်လွန်ခဲ့သည့်ရက်သတ္တပတ်က ဖမ်းဆီးခဲ့သော ဗြိတိသျှရွက်တိုက် သမားငါးဦးကို ဗုဒ္ဓဟူးနေ့တွင် ပြန်လွှတ်ပေးခဲ့သည်။ ဇင်းတို့သည် မရည်ရွယ်ဘဲနှင့် လမ်းကြောင်းမှားကာ ပါရှန်ပင်လယ်ကွေ့အတွင်းရှိ အီရန်ရေပိုင်နက်အတွင်း သို့ ရောက်ရှိသွားခဲ့ခြင်းဖြစ်သည်။

ဗြိတိန်နိုင်ငံသားများကို ပြန်လွှတ်ပေးခဲ့သည့်အတွက် ဝမ်းမြောက်ကြောင်း ဗြိတိသျှအစိုးရက ပြောကြားခဲ့ပြီး အဆိုပါ ပြဿနာကို အီရန်အစိုးရက ကိုင်တွယ်ဖြေရှင်းပုံအား ချီးကျူးခဲ့သည်။

ပေ ၆၀ ရှည်သော ရွက်လှေသည် ကမ်းလွန်ပင်လယ်ပြင် ရွက်တိုက်ပြိုင်ပွဲ ဝင်ရန်အတွက် လွှန်ခဲ့သော ဗုဒ္ဓဟူးနေ့က ဘာရိန်းမှ ဘုဘိုင်းသို့အသွား ပါရှန်ပင်လယ်ကွေ့အတွင်းတွင် လမ်းကြောင်းမှားကာ အီရန်ရေပိုင်နက်အတွင်းသို့ ရောက်ရှိသွားသဖြင့် အီရန်တော်လှန်ရေး အစောင့်ရေတပ်က ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။

ဖမ်းဆီးထားသော ရွက်တိုက်သမား ငါးဦးကို စုံစမ်းစစ်ဆေးမေးမြန်းပြီးနောက် အီရန်ရေပိုင်နက် အတွင်းသို့ တရားမဝင် ဝင်ရောက်လာခြင်းသည် လမ်းမှားမှုကြောင့်သာဖြစ်ကြောင်း တွေ့ရှိရသည်ဟု တော်လှန်ရေးအစောင့်တပ်၏ ကြေညာချက်တွင် ဖော်ပြထားသည်။ လိုအပ်သောအာမခံချက်များရယူပြီးသည့် နောက် ၎င်းတို့ကို ပြန်လွှတ်ရန် ဆုံးဖြတ်ခဲ့ကြောင်း ဆက်လက်ဖော်ပြထားသည်။

**အင်တာနက်။**

# ဆိုမာလီနိုင်ငံ ပန့်လင်းဒေသ တိုက်ခိုက်မှု ခုနစ်ဦးသေဆုံး

**မိုဂါဒစ်ရှူ ဒီဇင်ဘာ ၃**

ဆိုမာလီနိုင်ငံပန့်လင်းဒေသရှိ ဘိုဆာဆိုနှင့်ဂါလာကာရှိမြို့တို့တွင် တိုက်ခိုက်ရေးသမားများ၏ တိုက်ခိုက်မှုကြောင့် အနည်းဆုံး ခုနစ်ဦးသေဆုံးပြီး ၃၃ ဦး ဒဏ်ရာရရှိကြောင်း ဒီဇင်ဘာ ၂ ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

သေဆုံးသူအများစုမှာ အိမ်နီးနားချင်း အီသီယိုပီးယားနိုင်ငံမှ ရွှေ့ပြောင်းနေထိုင်သူများဖြစ်ကြောင်း၊ အင်္ဂါနေ့က ဝတ်ကျောင်းတစ်ခုအတွင်း ဗုံးပေါက်ကွဲခြင်းကြောင့် သေဆုံးခြင်း ဖြစ်ကြောင်း ပရက်(စ်)တီဒွီက သတင်းထုတ်ပြန်သည်။

ဆိုမာလီနိုင်ငံ၏ အခြားသောဒေသများနှင့် နှိုင်းယှဉ်လျှင် အေးချမ်းငြိမ်သက်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်တစ်ဝက်ရရှိသည့် ပန့်လင်းဒေသတွင် ဘိုဆာဆိုမြို့ရှိသည်။ ယင်းဒေသတွင် ရာပေါင်းများစွာသော အီသီယိုပီးယားလူမျိုးများ နေထိုင်ကြသည်။

သို့သော် ယင်းဒေသသည် အာဖရိကဦးချိုဒေသ မဟာဗျူဟာမြောက် သင်္ဘော ရေလမ်းကြောင်းတစ်လျှောက် ပြန့်ပေးဆွဲနေသော ပင်လယ်ဓားပြတို့၏ အဓိက အခြေခံ ခနဲ့တစ်ခုဖြစ်သည်။

လွန်ခဲ့သောလက ပါလီမန်အမတ်တစ်ဦး ပစ်သတ်ခံခဲ့ရပြီး အယ်လ်ရှာဘတ် သူပုန်များနှင့် ပင်လယ်ဓားပြတို့အား ထောင်ချခဲ့သော အစိုးရတရားသူကြီး တစ်ဦးကို လည်း သေနတ်သမားတစ်စုက ပစ်သတ်ခဲ့သည်။

ပန့်လင်းဒေသသည် တရားမဝင်ငွေကြေး လွှဲပြောင်းသူများ၊ တရားမဝင် လူကုန်ကူးသူများအပါအဝင် ဒုစရိုက်ပုဂ်ိုဏ်းသားများ စခန်းချရာဒေသဖြစ်ကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။

**အင်တာနက်။**

**ဆိုမာလီနိုင်ငံ ပန့်လင်းဒေသမှ တိုက်ခိုက်ရေးသမား တစ်ဦးကို တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# ၂၀၀၉ ခုနှစ်အတွင်း သေဆုံးသော သတင်းသမား ၉၀ နီးပါးရှိ

**နယူးဒေလီ ဒီဇင်ဘာ ၃**

ကမ္ဘာ့သတင်းစာများနှင့် သတင်းစာထုတ်ဝေသူများအသင်း (ဝမ်အိုင်ဖရာ)၏ အစီရင်ခံစာအရ ၂၀၀၉ခုနှစ် ယခုအချိန်ထိ အသတ်ခံခဲ့ရသော သတင်းသမား အရေအတွက်သည် အနည်းဆုံး ၈၈ ဦး ရှိကြောင်း၊ အဖမ်းခံရသော သတင်းလုပ်သားအရေအတွက်သည် ရာနှင့်ချီ၍ရှိကြောင်း ဒီဇင်ဘာ ၁ရက် အင်တာနက် သတင်းတွင် ဖော်ပြသည်။

အိန္ဒိယနိုင်ငံ ဟိုက်ဒရာဘတ်မြို့၌ ကျင်းပသော ကမ္ဘာ့စာတည်းများ ဖိုရမ်နှင့် ကမ္ဘာ့သတင်းစာ ကွန်ဂရက်၌ တင်သွင်းသော အစီရင်ခံစာ၌ လွန်ခဲ့သော ၁၀ နှစ်တာကာလအတွင်း ကမ္ဘာတစ်နှံ့၌ အသတ်ခံရသော သတင်းသမား ၇၅၀ ကျော်ရှိကြောင်း ဝမ်အိုင်ဖရာက ရေးသားထားသည်။

လွန်ခဲ့သော ရက်သတ္တပတ်က ဖိလစ်ပိုင်နိုင်ငံ၌ အစုလိုက် အပြုလိုက်သတ်ဖြတ်မှုတွင် သေဆုံးသူ ၃၇ ဦးရှိရာ သတင်းသမား အနည်းဆုံး ၃၀ ပါဝင်ကြောင်း၊ တစ်ကြိမ်တည်းတိုက်ခိုက်ခံရမှုဖြင့် တစ်နှစ်လုံးသေဆုံးသူများ၏ သုံးပုံတစ်ပုံခန့်ပင် ရှိနေကြောင်း၊ သမိုင်းဝင်ဖြစ်စဉ်ဖြစ်ကြောင်း ဝမ်အိုင်ဖရာက ထပ်လောင်းပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံ၌ယခုနှစ်အတွင်းသေဆုံးသွားကြရသော သတင်းသမားဦးရေသည် ၃၅ ဦးဖြစ်၍ သတင်းသမားများအတွက် ကမ္ဘာပေါ်တွင် အန္တရာယ်အများဆုံး ဒေသဖြစ်သည်ကို တွေ့ရသည်။

ဝမ်အိုင်ဖရာ၏ အစီရင်ခံစာ၌ ၂၀၀၉ ခုနှစ် ယခုအချိန်ထိ သတင်းသမားဦးရေ အများဆုံးသေဆုံးခဲ့သော နိုင်ငံတို့ကို ဖော်ပြထားရာ ပါကစ္စတန်၌ ရှစ်ဦး၊ မက္ကဆီကို၌ ခုနစ်ဦး၊ ဆိုမာလီ၌ ခြောက်ဦးနှင့် ရုရှား၌ ငါးဦးစီတို့ ဖြစ်သည်။

**အင်တာနက်။**

**နိုဝင်ဘာ ၂၇ ရက်က ဂါဇာကမ်းမြောင်တွင် အစ္စရေးတို့ တိုက်ခိုက်မှုကြောင့် မီးခိုးလုံးများ ကောင်းကင်ယံသို့ ထိုးတက်လာစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# ဂါဇာကမ်းမြောင်မြောက်ပိုင်း၌ ပါလက်စတိုင်းတစ်ဦးကို အစ္စရေးတပ်ဖွဲ့က ပစ်ခတ်ဖမ်းဆီး

**ဂါဇာ ဒီဇင်ဘာ ၃**

အစ္စရေးတပ်ဖွဲ့သည် ဂါဇာကမ်းမြောင်မြောက်ပိုင်း၌ ပါလက်စတိုင်း လူငယ်တစ်ဦးကို သေနတ်ဖြင့် ပစ်ခတ်ပြီး ဖမ်းဆီးခဲ့သည်ဟု ပါလက်စတိုင်းများက ဒီဇင်ဘာ ၂ရက်တွင် ပြောကြားသည်။

ဘိတ်လာဟီယာမြို့နှင့် အစ္စရေးနိုင်ငံ အကြား နယ်စပ်စည်းရိုးတွင် လုံခြုံရေး စောင့်ကြပ်နေသော အစ္စရေးတပ်ဖွဲ့သည် အမှိုက်ကောက်နေသော လူငယ်တစ်ဦးကို သေနတ်ဖြင့် ပစ်ခတ်ခဲ့သည်ဟု ပါလက်စတိုင်း ကျန်းမာရေးဝန်ကြီးဌာန၏ အရေးပေါ်ဌာနမှ ညွှန်ကြားရေးမှူး မူယာဝီယာဟက်ဆာနီက ပြောကြားသည်။

**ဝင်ခွင့်မပေး**

အဆိုပါ လူငယ်အား ခေါ်ယူရန် ပါလက်စတိုင်း လူနာတင်ယာဉ်များကို အစ္စရေးစစ်တပ်က ဝင်ခွင့်မပေးဘဲ ဒဏ်ရာရထားသော ထိုလူငယ်ကို ဖမ်းဆီးသွားသည်ဟု ဟက်ဆာနီက သတင်းဌာနများသို့ ပြောကြားခဲ့သည်။

ဂါဇာကမ်းမြောင်ဒေသတစ်လျှောက် မီတာ ၃၀၀ ရှိ နယ်မြေကို ကြားခံဇုန်အဖြစ် အစ္စရေးတို့က သတ်မှတ်ခဲ့သည်။ ထိုကန့်သတ်နယ်မြေအတွင်းသို့ ဝင်ရောက်လာသော ပါလက်စတိုင်းသားများကို အစ္စရေးတို့က ပစ်ခတ်လေ့ရှိသည်။

**အင်တာနက်။**

တောင်ကိုရီးယားနိုင်ငံ ပို့ချန်းဒေသရှိ ကာကွယ်ရေးဝန်ကြီးဌာန လက်နက်သုတေသနဌာနဌ၌ ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် စစ်ဆေးနေကြသည်ကို ဒီဇင်ဘာ ၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# တောင်ကိုရီးယား လက်နက်သုတေသနဌာနဌ၌ ပေါက်ကွဲမှုဖြစ်ပွား

**ဆိုးလ် ဒီဇင်ဘာ ၃**

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၏ အရှေ့မြောက်ဘက် မိုင် ၃၀ (၄၈ ကီလိုမီတာ) အကွာ မြောက်ကိုရီးယား နယ်စပ်မှ ကီလိုမီတာ ၃၀ ကွာဝေးသော ပို့ချန်းဒေသရှိ ကာကွယ်ရေးဝန်ကြီးဌာန လက်နက်သုတေသနဌာနဌ၌ကြာသပတေး နေ့က ပေါက်ကွဲမှုဖြစ်ပွားကြောင်း၊ လူတစ်ဦး သေဆုံးပြီး ငါးဦးဒဏ်ရာရရှိသွားကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

လက်နက်သုတေသနပညာရှင်များသည် အမြောက်လက်နက်ကြီး ကျည်ဆန်များကို စမ်းသပ်စစ်ဆေးနေစဉ် ယင်းကဲ့သို့ ပေါက်ကွဲသွားရကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက အေအက်ဗ်ဗီ သတင်းဌာနသို့ ပြောကြားသည်။ ဒေသခံသတင်းဌီဒီယာများ၏ ကနဦးပြောကြားချက်အရ လူသုံးဦး သေဆုံးပြီး ၆၀ ထက်မနည်း ဒဏ်ရာရသည်ဟု ဆိုသည်။ ထိုကိစ္စနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိသည်ဟု သိရသည်။

ဒဏ်ရာရရှိသူများအနက် နှစ်ဦးထက်မနည်းမှာ ဒဏ်ရာပြင်းထန်သည်။

**အင်တာနက်။**

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ဟန်ဂူဒေသတွင် တင်းလှည်းနေသော ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဒီဇင်ဘာ ၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# ပါကစ္စတန်အနောက်မြောက်ပိုင်းတွင် စစ်ဘေးကြွေး ၁၀ ဦးသေဆုံး

**ပက်ရှ်ပါ ဒီဇင်ဘာ ၃**

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းရှိ ဟန်ဂူဒေသတွင် ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့များကစစ်ဆင်ရေးပြုလုပ်စဉ်တာလီဘန် ထောက်ခံသူများအဖြစ် ယူဆရသော စစ်ဘေးကြွေ ၁၀ ဦးထက်မနည်း သေဆုံးသွားရသည်။

ဗုဒ္ဓဟူးနေ့က ဟန်ဂူနယ်စပ်ဒေသတစ်လျှောက်နှင့် အော်ရက်ဗိုင်းဒေသတို့တွင် ပါကစ္စတန်စစ်ဘက်က စစ်ဆင်ရေးပြုလုပ်ခဲ့သည်ဟု ဟန်ဂူခရိုင် ရဲအရာရှိ အဖွဲ့ဝင်တစ်ဦးက ပြောကြားခဲ့သည်။

ဟန်ဂူဒေသရှိ နေရာပေါင်းစုံမှ ရာဇဝတ်မှု ကျူးလွန်သူ ၁၂၈ ဦးကို နယ်ခြားစောင့်ရဲတပ်ဖွဲ့နှင့် ရဲတပ်ဖွဲ့တို့ ပူးပေါင်းစစ်ဆင်ရေးပြုလုပ်ပြီး ဖမ်းဆီးခဲ့သည်ဟု ဆိုသည်။

ဖမ်းဆီးရမိသူများသည် ပြန်ပေးဆွဲသူများ၊ လူသတ်မှုကျူးလွန်သူများ၊ ပုံးခွဲတိုက်ခိုက်မှု ကျူးလွန်သူများဖြစ်ကြသည်။

## သိမ်းဆည်း

ၦင်းတို့နှင့်အတူ လက်နက်အမျိုးမျိုး၊ အထေထိန်းကိရိယာတပ် ပုံးသုံးလုံး၊ ဒုံးပစ်လောင်ချာတစ်လက်၊ လက်လုပ်ဗုံးနှစ်လုံး၊ သေနတ်ဒါဇင်များစွာနှင့် ယမ်းတောင့်များ၊ ဆေးခြောက် ၁၀ ကီလိုဂရမ်တို့ကို သိမ်းဆည်းရမိသည်ဟု သိရသည်။

**အင်တာနက်။**

# အသေခံဗုံးဖောက်ခွဲမှုကြောင့် ဆိုမာလီတွင် ဝန်ကြီးသုံးဦး သေဆုံး

**မိုဂါဒစ်ရှူး ဒီဇင်ဘာ ၃**

ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှူးမြို့၏ ဟိုတယ်တစ်လုံးကို အသေခံဗုံးခွဲသမားတစ်ဦးက ကြာသပတေးနေ့တွင် အသေခံဗုံးခွဲ တိုက်ခိုက်ခဲ့ရာ ဆိုမာလီနိုင်ငံ အစိုးရအဖွဲ့ဝင် ဝန်ကြီး သုံးဦး၊ သတင်းစာဆရာနှစ်ဦး အပါအဝင် ၁၉ ဦး သေဆုံးကြောင်း သတင်းများအရ သိရသည်။

အသေခံဗုံးခွဲသမားသည် မိုဂါဒစ်ရှူးရှိ ဆိုမာလီအစိုးရအဖွဲ့ဝင်များ စည်းဝေးလေ့ရှိသော ဟိုတယ်ကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

သေဆုံးသူများထဲတွင် ဆိုမာလီ အဆင့်မြင့်ပညာဝန်ကြီးဌာနဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးတို့သည် ပေါက်ကွဲမှု ကြောင့် နေရာတွင်ပင် သေဆုံးခဲ့ပြီး ပညာရေးဝန်ကြီးမှာမူ ရရှိသော ဒဏ်ရာများကြောင့် နောက်ပိုင်းတွင် သေဆုံးခဲ့ကြောင်း ဆိုမာလီ အစိုးရထိပ်တန်း တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

## ဝန်ခံခြင်းမရှိ

အဆိုပါ ဗုံးဖောက်ခွဲမှုကို မည်သည့် အကြမ်းဖက်အဖွဲ့က လုပ်ဆောင်ခဲ့သည်ဟု အတိအလင်း ဝန်ခံခြင်းမရှိသော်လည်း အယ်လ်ရှာဘက် စစ်သွေးကြွအုပ်စုက လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ဟု ယူဆကြသည်။ **အင်တာနက်။**

# ကမ္ဘာတစ်ဝန်း စီးပွားရေးကျဆင်းနေသော်လည်း အီရန်နိုင်ငံမှ ကားထုတ်လုပ်မှု ပိုမိုမြင့်တက်

**တီဟီရန် ဒီဇင်ဘာ ၃**

ကမ္ဘာတစ်ဝန်းတွင် စီးပွားရေးကပ်ကြောင့် စီးပွားရေးလုပ်ငန်းများ ကျဆင်းနေသော်လည်း အီရန်နိုင်ငံ၏ ကားထုတ်လုပ်မှု လုပ်ငန်းသည် အဆခြေအနေ တိုးတက်ကောင်းမွန်နေကြောင်း၊ ကားရောင်းချရမှု တိုးတက်လျက်ရှိကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

အီရန်ကားထုတ်လုပ်ရေးကုမ္ပဏီ(အိုင်ကေစီအို)မှအမှုဆောင်အရာရှိ ဂျာဗက်နာဂျမီဒင်းက ခရီးသည်တင်ကားအမျိုးမျိုးကို ၁၅ ရာခိုင်နှုန်းတိုး၍ ထုတ်လုပ်နိုင်ခဲ့သည်ဟု ပြောကြားသည်။

မကြာသေးမီက ကမ္ဘာတစ်ဝန်းတွင် စီးပွားရေးကျဆင်းမှုဖြစ်ပွားပြီးနောက် များစွာသော စက်မှုနိုင်ငံများသည် ကားထုတ်လုပ်မှုများကို လျော့ချခဲ့ရသည့်အပြင် အချို့စက်မှုလုပ်ငန်းရှင်များသည် ဒေဝါလီ ခံရမည့်ဆဲဆဲဖြစ်ခဲ့ရသည်ဟု နာဂျမီဒင်းက ပြောကြားသည်။

**အင်တာနက်။**




အီရန်နိုင်ငံ အိုင်ကေစီအိုကားကုမ္ပဏီမှ ထုတ်လုပ်သော ဆမန်းအမျိုးအစားကားကို ဒီဇင်ဘာ ၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# လာမည့်နှစ်တွင် တပ်ဖွဲ့ဝင်အင်အား ၅၀၀၀ အာဖဂန်နစ္စတန်သို့ နေတိုး စေလွှတ်မည်

**ကဘူး ဒီဇင်ဘာ ၃**

အာဖဂန်နစ္စတန်နိုင်ငံတွင် စစ်ဘေးကြွများကို တိုက်ထုတ်ရန် နေတိုးအဖွဲ့ဝင် နိုင်ငံများက လာမည့်နှစ်တွင် အင်အား ၅၀၀၀ ထက်မနည်းရှိ တပ်ဖွဲ့ဝင်များကို စေလွှတ်ပေးမည်ဖြစ်ကြောင်း နေတိုးအတွင်းရေးမှူးချုပ် အန်ဒါဖော့ရက်စ်မူဆန်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

အမေရိကန် သမ္မတ အိုဘားမား၏ အာဖဂန်နစ္စတန်ဆိုင်ရာ မဟာဗျူဟာသစ်အတွက် တပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်ပေးရန် နေတိုးအဖွဲ့ဝင်နိုင်ငံများက အသင့်ရှိသည်ဟု ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့တွင် ရက်စ်မူဆန်က သတင်းထောက်များကို ပြောကြားခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် တပ်ဖွဲ့ဝင် ၃၀၀၀၀ ကျော်ကို ထပ်မံတပ်ဖြန့်ချထားမည်ဟု အိုဘားမားက ဒီဇင်ဘာ ၂ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ ၂၀၁၀ ခုနှစ် ဇူလိုင်လတွင် တပ်ဖွဲ့ဝင်များကို တစ်စိတ်တစ်ဒေသ စတင်ရုပ်သိမ်းသွားမည်ဟုလည်း အောဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ ဆွေးနွေးပွဲကို ဇန်နဝါရီ ၂၈ ရက်တွင် လန်ဒန်မြို့၌ ကျင်းပမည်ဖြစ်သည်။ ထို ဆွေးနွေးပွဲအပြီး၌ အာဖဂန်နစ္စတန်သို့ တစ်နိုင်ငံချင်းစီအလိုက် ထပ်မံ စေလွှတ်ရမည့် တပ်ဖွဲ့ဝင်ဦးရေဆရာရင်းကို ထုတ်ပြန်ကြေညာမည်ဟု နေတိုးအဖွဲ့ အကြီးအကဲက ပြောကြားသည်။ လတ်တလောတွင် အာဖဂန်နစ္စတန်၌ တာလီဘန် စစ်ဘေးကြွများကို ပြည်ပ တပ်ဖွဲ့အင်အား ၁၀၀၀၀၀ ခန့်ဖြင့် တိုက်ခိုက်နေသော်လည်း အခြေအနေမှာ တည်ငြိမ်မှုမရှိသေးပေ။ **အင်တာနက်။**

# အာဖဂန်နစ္စတန်၌ တိုက်ခိုက်မှုအရိန်မြင့်မည်ဟု တာလီဘန်အဖွဲ့ ပြောကြား

**ကဘူး ဒီဇင်ဘာ ၃**

အမေရိကန်ပြည်ထောင်စုနှင့် ၎င်း၏ မဟာမိတ်နိုင်ငံများက အာဖဂန်နစ္စတန် နိုင်ငံသို့ တပ်ဖွဲ့များ ထပ်မံစေလွှတ်မည်ဖြစ်ကြောင်း ပြောကြားပြီးနောက် တာလီဘန်အဖွဲ့က ၎င်းတို့သည် တိုက်ခိုက်မှု အရှိန်အဟုန်ကို မြှင့်တင်မည်ဖြစ်ကြောင်း ဗုဒ္ဓဟူးနေ့တွင် တုံ့ပြန်ပြောကြားလိုက်သည်။

ယင်းကဲ့သို့တပ်အင်အားဖြည့်တင်းခြင်းသည် ပို၍ကြီးမားသော ခုခံမှုများကို ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း တာလီဘန်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အခြံနှင်းကာလကြားမြင့်စွာ စောင့်စားနေကြသော အာဖဂန်နစ္စတန်ဆိုင်ရာ မဟာဗျူဟာကို ကြေညာရာတွင် အာဖဂန်နစ္စတန်၌ နေ့ကာထပ် အမေရိကန်တပ်ဖွဲ့ဝင် ၃၀၀၀၀ ကို အလျင်အမြန် ချထားပေးမည်ဖြစ်ကြောင်း သမ္မတ အိုဘားမားက ဖော်ပြသည်။ မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့ (နေတိုး) အတွင်းရေးမှူးချုပ်က လာမည့်နှစ်တွင် အနည်းဆုံးတပ်ဖွဲ့ဝင် ၅၀၀၀ ထပ်မံစေလွှတ်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

## တွေ့ဖြင်

အာဖဂန်နစ္စတန်နိုင်ငံမှ အမေရိကန်သို့ အလောင်းသေတ္တာများ အမြောက်အမြား ရောက်ရှိလာသည်ကို အိုဘားမားတွေ့မြင် သွားရမည်ဟု တာလီဘန် ပြောရေးဆိုခွင့် ရှိသူ ကာရိယူဆွတ်အေဟန်ဒီးက အေအက်ဗ်ဗီသတင်းဌာနသို့ ပြောကြားသည်။

**အင်တာနက်။**

# လေးထပ်တိုက်ပေါ်မှ ကျသည့် အသက်(၉၃)နှစ်ရှိ အဘွားအို အသက်ရှင်လျက်ရှိ

**ပေကျင်း ဒီဇင်ဘာ ၃**

တရုတ်နိုင်ငံ ရုန်ဇီပြည်နယ်တွင် နိုဝင်ဘာ ၂၆ ရက်က အသက်(၉၃) နှစ်ရှိ အဘွားအိုတစ်ဦးသည် ၎င်း၏နေအိမ် လေးလွှာမှပြုတ်ကျခဲ့သော်လည်း အသက်ရှင်လျက်ရှိသည်ဟုသတင်း၌ ဖော်ပြထားသည်။

အဆိုပါအဘွားအိုသည် ပြတင်းပေါက်၌ ငေးမောကြည့်နေရာမှ အရှိန်လွန်၍ ဒုတိယနှင့် တတိယအလွှာအမိုးများပေါ် သို့ဆင့်ကာ ပြုတ်ကျခဲ့ပြီး ၎င်းပြုတ်ကျမှု အရှိန်နှင့်ကြောင့် ပထမအလွှာရှိ ခေတ်ကြီးမှာ ပြတ်တောက်သွားခဲ့သည်။

ထိုအဘွားအိုသည် တင်ပါးဆုံရိုး ကျိုးသွားသော်လည်း အခြေအနေကောင်းမွန်သည်ဟု ဆရာဝန်များက ပြောကြားသည်။ **အင်တာနက်။**

# စည်းသုံးတန်

ဒေါက်တာသန်းဦး

သတ္တလောကသား သတ္တဝါများသည် အတုဒိုးသန်သူများ ဖြစ်ကြသည်။ ထိုအထဲတွင် သတ္တလောက၌ အသိဉာဏ်အရှိဆုံးလည်းဖြစ်၊ အသိဉာဏ်ကို အသုံးအချတတ်ဆုံးလည်းဖြစ်သော လူသားတို့သည်ကား အတုအဒိုးဆုံးသူများ ဖြစ်ကြပေသည်။

ထိုသို့သော သဘောရှိသည့်လူသားများကို အသက်အရွယ် အပိုင်းအခြားအလိုက် မွေးကင်းစမှ အသက်နှစ်ဆယ့်လေးနှစ်ပြည့်သည်အထိ ပထမအရွယ်၊ အသက်နှစ်ဆယ့်ငါးနှစ်မှ လေးဆယ့်ကိုးနှစ်ပြည့်သည်အထိ ဒုတိယအရွယ်နှင့် အသက်ငါးဆယ်နှင့်အထက်ကို တတိယအရွယ်ဟု ပိုင်းခြားလေ့ရှိပေရာ ဤနေရာတွင် လူသားတို့၏ ပထမအရွယ် (တစ်နည်းအားဖြင့်) လူငယ်လူရွယ်တို့နှင့် စပ်လျဉ်း၍ အဓိကထား ဆွေးနွေးတင်ပြလိုပါသည်။

လူငယ်လူရွယ်တို့အကြောင်း အဓိကထား တင်ပြခြင်းမှာလည်း 'အစကောင်းမှ အနှောင်းသေချာ'ဟူသော နှေးပညာရှိများ၏ အလွန်နှစ်ကန့်လန့်သည့် ဆိုရိုးစကားကြောင့်ပင် ဖြစ်သည်။ တစ်ဖန် လူငယ်လူရွယ်ကိုလည်း အသက်နှင့်အသိ အပိုင်းအခြားအရပင် မွေးကင်းစမှ အသက် တစ်ဆယ့်နှစ်နှစ်ပြည့်သည်အထိ ကလေးအရွယ်၊ အသက်တစ်ဆယ့်သုံးနှစ်မှ အသက် တစ်ဆယ့်ကိုးနှစ်ပြည့်သည်အထိ ဆယ်ကျော်သက်အရွယ်နှင့် အသက်နှစ်ဆယ်မှအသက် နှစ်ဆယ့်လေးနှစ်ပြည့်သည်အထိ အရွယ်ရောက်ပြီးလူငယ်ဟူ၍ သုံးပိုင်း ထပ်မံပိုင်းနိုင်ပြန်ပါသည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ပုခက်သို့ မရောက်မီ အမိ၏ဝမ်းကြာတိုက်တွင် ရှိနေစဉ်ကပင် စတင်အတုဒိုးသန်ခဲ့သော လူသားငယ်သည် သူ၏ကလေးဘဝကို ဖြတ်သန်းစဉ် ပတ်ဝန်းကျင်ဖြစ်သော မိဘ၊ အစ်ကို၊ အစ်မ၊ ဦးကြီး၊ ဦးလေး၊ ဘကြီး၊ ဘထွေး၊ ကြီးတော်မိကြီးများနှင့် ဖွဲ့စည်းထားသော မိသားစုဝန်းကျင်သည် သူ၏အတုဒိုးစရာ စံကွင်းပြင်များဖြစ်ခဲ့ကြပေရာ ကောင်းသောအတုများစွာကို ဦးခဲကြသည့်နည်းတူ ဆိုးသောအကျင့်စရိုက်လက္ခဏာဆိုးများကိုလည်း အတုဒိုးမှားတတ်ကြပေသည်။

ဤတွင် ဤအရွယ်၌ အတုဒိုးမှား၍ အဆိုးတရားများစွာ သံသရာရှည်တတ်သော ပထမဦးဆုံးသော အန္တရာယ်ကို ဦးစွာဝေဘန်ကြပြီ စည်းရိုးခြားပိုင်းထား ကန့်သတ်လိုပါသည်။ အဆိုပါ အန္တရာယ်ကား အခြားမဟုတ်၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးအန္တရာယ်ပင် ဖြစ်သည်။ လူကြီးများသည် ကလေး၏ရွေ့တွင်ပင် ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်းဓလေ့ကို မြိန်ရေရှက်ရေ လုပ်လေ့ရှိကြ၏။ ဤသည်ကို ကလေးကလည်း အထင်ကြီး၏။ အားကျ၏၊ စမ်းသပ်လို၏၊ သုံးစွဲလို၏။ ဤသို့ဖြင့် ကလေးဘဝမှာပင် ဆေးလိပ်၊ ကွမ်းတို့၏ ကျေးကျွန်ဖြစ်ရခေ့ကြသည်။ လူကြီးများအနေဖြင့် 'ငါလုပ်သလိုမလုပ်နှင့်၊ ငါပြောသလိုလုပ်'ဟု ဇွတ်အမိန့်ပေး၍မရ ကိုယ်တိုင်ကပင် အကြောင်းကြောင်းကြောင့် ဆေးလိပ်၊ ကွမ်း သုံးစွဲမိပါက မိမိ၏ဖျိုးဆက်သစ်များ ဆေးလိပ်၊ ကွမ်းဒဏ် မခံရစေရန် မိမိကိုယ်တိုင်ကပင် ရဲရဲစွာ ဖြတ်ရပေမည်။ တစ်နည်းအားဖြင့် မိမိနှင့် မိမိဝန်းကျင်တွင် 'ဆေးလိပ်နှင့် ဆေးရွက်ကြီးကင်းစင်သောဝန်းကျင်' ဖြစ်ရေး အစဉ်သတိချပ် စည်းရိုးခတ်ရမည်။

အသက်တစ်ဆယ့်သုံးနှစ်မှ တစ်ဆယ့်ကိုးနှစ်အရွယ်တွင်ကား သူ၏စိတ္တဇုတ်ကောင်းမှုအစုစုတို့ကို အတုဒိုးမှန်ခဲ့ကြ၍ ကောင်းကျိုးအထွေထွေ ရရှိခံစားရသည်များကို မဆွေးနွေးလိုပါ။ များပြားလှစွာသော အတုဒိုးမှားများထဲမှ ဘဝနှင့်ရင်း၍ လဲရမည်ဖြစ်သော အဓိကအတုဒိုးမှားကိုသာ ကန့်သတ်စည်းရိုးချလိုခြင်းဖြစ်ပါသည်။ ယင်းသည်ကား အခြားမဟုတ်၊ 'မူးယစ်ဆေးဝါးသုံးစွဲခြင်း' ပင်ဖြစ်သည်။ မူးယစ်ဆေးဝါးဟုဆိုရာ၌ ဘိန်း၊ ဘိန်းဖြူ လှော်စာ၊ အရက်၊ တဆေး၊ ဆေးခြောက်၊ ကိုကင်းစသည်တို့သည်ကား ဆိုးပြစ်များထင်ရှားရှောင်ရှားနိုင်ကြပါသော်လည်း မိတ်ဆွေယောင်ဆောင်၍ ဝင်လာတတ်သော အဓိကရန်သူဖြစ်သည့် စိတ်ကြွေးသွပ်ဆေးကိုမူ အထူးဂရုပြုရန် လိုအပ်ပေသည်။ လွန်ခဲ့သော အနှစ်ငါးဆယ်ကျော်က နံပါတ်ဖိုးဘိန်းဖျက်ကိုသာ မူးယစ်ဆေးဝါးအဓိကပစ်မှတ်ဟု သတ်မှတ်ချိန်တွင် စိတ်ကြွေးသွပ်ဆေးဖြစ်သော Dexidring သည် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများကြားတွင် စာကျက်နိုင်စေအောင်၊ မအိပ်ချင်အောင် လုပ်ပေးသောဆေး၊ ပိန်ဆေးအဖြစ် မိန့်မိန့်ကြီး ဝင်ထိုင် နေရာယူခဲ့ရုံးသည်။ သူ၏ဇာတိသရုပ်မှန်ကို သိလာသည်တွင်မှ ဇွတ် အတင်းထိုက်ဖျက်ကြရသည်။ ထို့ကြောင့် ဆယ်ကျော်သက်များ မူးယစ်ဆေးဝါး၏ သားကောင်မဖြစ်ရေးအတွက် မူးယစ်ဆေးဝါးကင်းစင်လှမ်းမြဖစ်ရေး ဒုတိယစည်းကို ချမှတ်ကန့်သတ်ရမည့်သူများမှာ ဆယ်ကျော်သက်များကိုယ်တိုင်နှင့် လူကြီးမိဘ၊ ဆရာသမားနှင့် တာဝန်ရှိလူကြီးမင်းများပင် ဖြစ်သည်။

လူငယ်လူရွယ်ဘဝ၏ အရေးအကြီးဆုံးနှင့် ပစ်မှတ်အကျဆုံးအရွယ်သည်ကား အသက်နှစ်ဆယ်မှ နှစ်ဆယ့်လေးနှစ်အကြားရှိ အရွယ်ရောက်ပြီး လူငယ်အရွယ်ပင် ဖြစ်သည်။ ပဋိသန္ဓေစိတ်မှစ၍ အတုဒိုးသန်ခဲ့သည်မှာ ဤအသက်အရွယ်အပိုင်းအခြားသို့ ရောက်သောအခါ အထွတ်အထိပ် ရောက်ခဲ့ပေပြီ။ သို့သော် ထိုအရွယ်များ၏ အတုယူမှုကား ယခင်ရှေးအခါကများကဲ့သို့ မိသားစုလည်းမဟုတ်၊ အပေါင်းအသင်းလည်း မဟုတ်တော့ချေ။ မိမိ၏လေ့လာနိုင်စွမ်းအားကို အခြေခံထားကာ ကမ္ဘာ့ကို ရွာကြည့်ကြည့်မြင် အတုဒိုးကြခြင်း ဖြစ်သည်။ တစ်နည်းအားဖြင့် စာအုပ်စာပေ၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ အင်တာနက်တို့မှတစ်ဆင့် အတုယူကြခြင်းဖြစ်သည်။ ဤနေရာ၌ လွန်ခဲ့သော အနှစ်ငါးဆယ်ကျော်မှ ယနေ့တိုင် နာမည်ကျော်ကြား လူကြိုက်များခဲ့မှုမက လွန်စွာသော မှန်ကန်လှသော နိုင်ငံကျော်အဆိုတော် ဦးအုံကြွေး၏ 'လူချွန်လူကောင်း' သီချင်းအတိုင်း 'ခေတ်မီမီ ကမ္ဘာကြည့်ကြည့်မြင်' ကြပါမူ အဟောတတ ကောင်းလွန်းလှပေစွ။ သို့သော် ဤသို့မဟုတ်မူဘဲ တလွဲဆပ် ကောင်းမိပါက တတိယနှင့် အကြီးမားဆုံးသောအန္တရာယ်ဖြစ်သည့် အိပ်ချိအိုင်ငွေ ဝိုင်းရပ်စ်ရောဂါပိုး ကြောင့်ဖြစ်ပွားသော အေအိုင်ဒီအက်စ်ဓေါ် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ၏ သားကောင်အဖြစ် ပန်းကောင်းအညွှန်ချိုး ကိုယ်ကျိုးနည်းကြပေတော့မည်။

သို့ဖြစ်ပေရာ အေအိုင်ဒီအက်စ်ရောဂါကင်းစင် ဝန်းကျင်ဖြစ်ရေးအတွက် တတိယစည်းရိုးကို ချမှတ်ကန့်သတ်ရမည့်သူများမှာကား ရှေးယခင်စည်းရိုးနှစ်ခု ချစဉ်ကကဲ့သို့ လူကြီးမိဘ၊ ဆရာသမားနှင့် တာဝန်ရှိသူများကိုသာ အလုံးစုံ ပုံ့ချ၍ မရတော့ပေ။ ကာယကံရှင် အရွယ်ရောက်ပြီး လူငယ်များကိုယ်တိုင်က ဦးစီးဦးဆောင်ကာ 'ဥစ္စာရင်လို ဥစ္စာရင်ခဲ' ကြရပေတော့မည်။ အေအိုင်ဒီအက်စ်ရောဂါဖြစ်စေမည့် အိပ်ချိအိုင်ငွေပိုင်းရပ်စ်ပိုး ကူးစက်နိုင်မည့် နည်းလမ်းများမှာမကုန်စက်နိုင်သောနည်းလမ်းများကို မိမိတို့ကိုယ်တိုင် နောက္ခေအောင် သိရှိလိုက်နာကျင့်သုံးကြရုံမျှမက မိမိတို့ညီညီညာညာမငယ်အရွယ်၊ လူငယ်လူရွယ်အားလုံး ဤရောဂါဆိုး၏ လောင်းရိပ်မမိစေရန် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို အသိစိတ်ဓာတ် အပြည့်အဝဖြင့် ဆောင်ရွက်ကြရမည်။

နိုင်းချပ်အားဖြင့်ဆိုရသော် **'ဆေးလိပ်ဆေးရွက်၊ မူးယစ်၊ အေအိုင်ဒီအက်စ်၊ ဂိုဏ်တိုက်ဖျက်'**ဟူသောဆောင်ပုဒ်နှင့်အညီ အထက်ဖော်ပြပါ စည်းသုံးတန်ကို တာဝန်ရှိသူများ၊ မိဘ၊ ဆရာသမား၊ လူကြီးသူမများ၏ မှန်ကန်သော ဦးဆောင်မှုကိုခံယူ၍ ကာယကံရှင် လူငယ်လူရွယ်အားလုံးက လုံခြိုင်စွာ အလစ်အလပ် အလေဘလွင့်မမရှိအောင်၊ ခိုင်မာအောင် ထာဝရ စွမ်းဆောင်ချထား နိုင်မှသာ **'ဆေးလိပ်ဆေးရွက်အစ၊ မူးယစ်အလယ်၊ အေအိုင်ဒီအက်စ်ဝယ် အဆုံး ဘဝရိပ်ငုံး'** မဖြစ်ကြတော့ဘဲ ကမ္ဘာ့အလယ်တွင် ဝင့်ထည်နိုင်သော မြန်မာလူငယ် လူချွန်လူကောင်းများဘဝကို ထိုက်ထိုက်တန်တန် ရရှိသည်ဖြစ်ပါကြောင်း တိုက်တွန်းနှေးသားလိုက်ရပါသည်။

**ဆေးလိပ်ဆေးရွက်ဖြတ် ကင်းစင်အပ် ပထမစည်းရိုးခတ်၊**
**မူးယစ်မှန်လတ် ကင်းစင်အပ် ဒုတိယစည်းရိုးခတ်၊**
**အိပ်ချိအိုင်ငွေပိုင်းရပ်စ် ကင်းစင်အပ် တတိယစည်းရိုးခတ်၊**
**စည်းရိုးသုံးတန် လုံရိုးမှန် ကေန်လူငယ်ဘဝဖြတ်။ ။**

# မြန်မာနိုင်ငံပြန်တမ်း

**နေပြည်တော် ဒီဇင်ဘာ ၃**

၁။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် သမဝါယမဝန်ကြီးဌာန ရန်ကုန်သမဝါယမ ဒီဂရီကောလိပ်(သန်လျင်)မှ ပါမောက္ခ/ဌာနမှူး ဒေါ်တင့်ခန်းအား ယင်းဝန်ကြီးဌာန စစ်ကိုင်းသမဝါယမကောလိပ် ကျောင်းအုပ်ကြီး အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်လွှဲခန့်ထားလိုက်သည်။

၂။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးကဏ္ဍများ စည်ပင်သာယာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်ဂျင်နီယာ) ဦးစိုးကိုကိုအား ယင်းဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# ဘိုးဘွားစာဆိုများနှင့် တွေ့ဆုံခန်း

* **ဘိုးစာဆို ဘွားစာဆို။**
**အသက်အရွယ် ရင့်လေမှကွယ်**
**ဘဝနေညို။**
**သို့သော်လည်း စိတ်နုဖျို**
**အတိတ်ရှုသလို ဟိုဒီငေး။**
**စာကောင်းဟာ ဘယ်လိုပါလိမ့်**
**စာနုယဉ် ဘယ်သွင်ဆင်ရဲ့**
**စာသဘင် ဘယ့်နှယ်ရှိပုံ**
**သိလိုပါ ပြန်ဖြေကြားပါကြောင်း**
**သား မြေးကမေး။**

* **မြေးလူငယ် သားလူရွယ်။**
**ဖျိုနုစဉ် အရွယ်အသက်ရယ်နဲ့**
**ထက်မြက်သူရယ်။**
**အမေးရှိတော့ အဖြေရှိတယ်**
**အဖြေအသွယ်သွယ်မှာတော့ ရလဒ်အမျိုးမျိုး။**
**အရင်းစစ်လေတော့**
**စာအချစ်ဟာ လောကကိုချစ်ပါမှ . . .**
**လောကအချစ်ဟာ ကိုယ့်မြေကို ချစ်ပါမှ . . .**
**အနှစ်ပါမယ် သတိဆောင်းပါလော့**
**ခေတ်အခါအလယ် အသိမဟောင်းပါနဲ့**
**စာကောင်းဟာ စိတ်ကောင်းမွေးပါမှ**
**အတွေးယှဉ် စာခရီးမှာ**
**ထီးနှယ် အုပ်မိုး။ ။**

စိုးမြင့်သန်းမောင်(စာပေဗိမာန်)


Panasonic ideas for life NIBBAN MITSUBISHI ELECTRIC Changes for the Better

# အီလက်ထရွန်နစ်နှင့် လူနေမှုစတိုင်ပြပွဲ ၂၀၀၉ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၃**

International Exhibition Management Services (IEMS Company Limited)သည် အီလက်ထရွန်နစ်နှင့် လူနေမှုစတိုင်ပြပွဲ ၂၀၀၉ (Electronics & Lifestyle 2009)ကို ဒီဇင်ဘာ ၂၄ရက်မှ ၂၇ရက်အထိ ရန်ကုန်မြို့၊ ဒီးဗ်စာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ပြပွဲကို NIBBAN ELECTRIC & ELECTRONICS ၏ အဓိကပုံပိုးကူညီမှုဖြင့် ကျင်းပမည်ဖြစ်ပြီး ပြပွဲတွင် Panasonic/ChengHong/Mitsubishi တို့မှ စွမ်းအင်ချွေတာသည့် နည်းပညာအသစ်အဆန်း ပစ္စည်းများကို အထူးပြသမည်ဖြစ်သည်။

Acer / Lucky Bird / Myanmar Technology Zone / Blu Ray / KMD / King Empire/ Cyber City/ NCTC / Unique / Red Link / P.I.T / Trust Net / Sm³ / MBC/ Integra / GoldenRain / Notebook mart / Cho Cho တို့မှ အဆင့်မြင့် နောက်ဆုံးပေါ် Laptopများ၊ Software Systemများ၊ Asia General Electric မှ Transformer များ၊ Golden Lion / I. E. M တို့မှ Online U. P. S များ၊ Future Step / Fudak တို့မှ Induction Cookerများ၊ Cannon / Concordia မှ Printer နှင့် Copierများ၊ EverSeiko/ Amtt Company / Smart Electronic Dictionary/ Toshiba Kyaw Win/ Three Friends Trading/ Setra / Revo / Rinnai / AEK / Aung Myanmar / Atlas / Romanson / Rhythm / MoonFancy/ MNZ / Khind / Maco / Mistral / Asahi / Omica တို့မှ နောက်ဆုံးပေါ် အီလက်ထရွန်နစ်နှင့် ခေတ်မီအိမ်သုံးပစ္စည်းများ၊ New Mobile / DO CO MO / Great Mobile / Mobile Friend / Hisense တို့မှ နည်းပညာသစ် Mobile Handset များနှင့် ဆက်ဝပ်ဝရဲ့ဆိုးများ၊ Ocean Glory (Leeco)/ Universal Furniture / Nat Ray (Gold Coin) တို့မှ ခေတ်မီအိမ်သုံး၊ နုံးသုံးနှင့် ဆန်းသစ်သော ပရိဘောဂများကို ခင်းကျင်းပြသမည်ဖြစ်သည်။

ပြပွဲသို့ လာရောက်သူများကို သရုပ်ပြ ဖျော်ဖြေမှုများအပြင် IEMS Company အနေဖြင့် နွေဝှဲ အတတ်လျှော်ကံ (သို့) ရေခဲသေတ္တာတစ်လုံးကို ကံစမ်းခဲ့ဖွင့်လှစ်ပေးသွားမည်ဖြစ်သည်။ ပြပွဲအကြောင်း အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၄၈၀၀၉၈၈၈ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)


# အားကစားမြှင့်တင်စိတ်လန်းရွှင်ဆန့်ကျင်မှုးယစ်ဆေး

# ညနေပိုင်း ထမင်း၊ ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

**(က) ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုများ ထမင်း၊ ဟင်းချက်ပြုတ်ခြင်း မပြုရန်၊**
**(ခ) မီးဖိုသုံးစွဲပြီးပါက မီးကြွေးမီးကျန်များ ငြိမ်းသတ်ထားရန်၊**
**(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ မပေါ့ဆအထူးသတိပြုသုံးစွဲရန်၊**

# (၄၈)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိလာ တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃**

၂၀၀၉ ခုနှစ် (၄၈)ကြိမ်မြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဗလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့ညနေပိုင်းတွင် သတ်မှတ်ထားသည့် ဇုန်များ၌ ဆက်လက်ကျင်းပရာ (က)အုပ်စု ရပခရုန်(တောင်ကြီး)၌ အမှတ် (၁၀) ခြေမြန်တပ်မဌာနချုပ်အသင်းနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်အသင်း တို့သည် ဂိုးမရှိ သရေဖြင့် လည်းကောင်း၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းက အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (ခ) အုပ်စု နတခရုန် (ပသိမ်)၌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (က)အသင်းက အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ်အသင်းကို လေးဂိုး-သုံးဂိုးဖြင့် လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက တြိုဝဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု(က)အသင်းကို ရှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (ဂ)အုပ်စု နမေခုန် (မုံရွာ)၌ တပ်မတော် (လေ)အသင်းက အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု (ခ)အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ အမှတ် (၄၄)ခြေမြန်တပ်မဌာနချုပ်အသင်းက တြိုဝဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု (ဃ)အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (ဃ)အုပ်စု တပခရုန် (တောင်ငူ)၌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (က)အသင်းက အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းက အရှေ့မြောက်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု (က) အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်အသင်းက အမှတ် (၆၆)ခြေမြန်တပ်မဌာနချုပ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း ယှဉ်ပြိုင်ကစားသွားကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ရန်ကုန်တိုင်း မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေး ကြီးကြပ်မှုပဟိုကော်မတီရုံး ဖွင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၃**

ရန်ကုန်တိုင်း မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုပဟိုကော်မတီရုံး ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၀နာရီတွင် တာမွေမြို့နယ်ရှိ တိုင်းမော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီရုံးချုပ်၌ ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် တက်ရောက်ခိုးမြင့်သည်။

အစီအစဉ်အရ ဖွင့်ပွဲအခမ်းအနားကိုကျင်းပရာ တိုင်းလမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကြီးကြပ်မှုကော်မတီ အတွင်းရေးမှူးနှင့် တိုင်းမော်တော်ယာဉ် လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုပဟိုကော်မတီ ခေတ္တအုတ်မယဉ်ဥက္ကဋ္ဌတို့က ရုံးကိုဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူးက ရုံးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးပြီး**(၁၀)** ရုံးခန်းအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ဒုတိယဝန်ကြီး ပိုလ်မှူးချုပ်မြင့်သိန်း ပြည်-ပေါက်ခေါင်း-တောင်ငူလမ်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၃**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းသည် နိုဝင်ဘာ ၂၈ ရက်တွင် ပြည်-ပေါက်ခေါင်း-တောင်ငူလမ်း တိုးတက်ပြုပြင် ဆောင်ရွက်နေမှုကိုလည်းကောင်း၊ နိုဝင်ဘာ ၂၉ ရက်တွင် ပြည်ခရိုင် လမ်းအထူးအဖွဲ့(၇)နှင့် အဆောက်အအုံ(၃)တို့က တောင်ပေါ်လမ်းသားချဲ့ထွင်နေမှု၊ လမ်းတာပေါင်ချဲ့နေမှု၊ ကတ္တရာလမ်းဖာထေးနေမှုနှင့် လမ်းအရည်အသွေး စစ်ဆေးဆောင်ရွက်နေမှုတို့ကိုလည်းကောင်း၊ နိုဝင်ဘာ ၃၀ ရက်တွင် မိုင်တိုင်(၁၀၅/၆)နှင့် (၁၀၇/၃) အကြားရှိ လမ်းအူကြောင်းအသစ်ဖြင့် လမ်းဖောက်လုပ်ထားမှုနှင့် မိုင်တိုင် (၁၀၂/၀)နှင့် (၁၀၂/၅)အကြား အတက်အဆင်း မတ်စောက်သည့်နေရာများကို လမ်းကြောင်းအသစ်ဖြင့် နိမ့်မြင့်ဖြေလမ်းဖောက်လုပ်ထားမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ပြည်-ပေါက်ခေါင်း-တောင်ငူလမ်းပိုင်းကို ယခုအခါ ခရိုင်နှင့်အထူးအဖွဲ့ စုစုပေါင်းကိုးဖွဲ့တို့က လမ်းတာပေါင်ချဲ့ခြင်း၊ အနိမ့်အမြင့်ဖြေခြင်း၊ ကျောက်စုဆောင်းခြင်း၊ လမ်းဖြောင့်ခြင်းလုပ်ငန်း၊ ကတ္တရာလမ်းအသစ်ခင်းခြင်း လုပ်ငန်းတို့ကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း ပြည်- ပေါက်ခေါင်း-တောင်ငူလမ်း တိုးတက်ပြုပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။**

(ဆောက်လုပ်ရေး)

## အထက-၁၄ (ဖားသားလဖုန်းကျောင်း)ကျောင်းသားများ (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၃**

မန္တလေးမြို့ အထက-၁၄ (ယခင်ဖားသားလဖုန်းကျောင်း) ကျောင်းသားများ၏ (၁၂)ကြိမ်မြောက် အာစရိယ ပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ၂၀၁၀ ခုနှစ်၊ ဇန်နဝါရီ ၈ ရက် (သောကြာနေ့) ညနေ ၄ နာရီတွင် မန္တလေးမြို့ လမ်း ၃၀-၈၂×၈၃ လမ်းကြား ဖူကျင်ကွမ်ရင် ဘုန္တဘာသာဘုရားကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ၁၉၆၄ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများ ဆက်သွယ်ကြပါရန်နှင့် လျှပ်ဒါန်းလို့သော ကျောင်းသားများသည် ရန်ကုန်မြို့ လူထုဦးဝိန်ဝင်း ဖုန်း-၀၁-၃၇၅၁၇၇၊ ဦးခင်မောင်ဝင်း ဖုန်း-၀၉-၂၀၄၂၅၅၊ ၀၁-၂၂၄၇၂၈၊ ဦးစိန်ဝင်း ဖုန်း-၀၉-၅၀၇၇၉၂၉၊ ဝ၁-၅၄၈၁၆၇၊ ဦးမျိုးညွှန့် ဖုန်း-၀၉-၉၀၅၆၂၀၅၊ ဦးခွန်စန်း ဖုန်း-၀၁-၃၈၆၈၉၀၊ မောရစ်တင်မောင်မောင် ဖုန်း-၀၉-၅၀၁၇၀၂၅၊ မန္တလေးမြို့ ဦးခွန်ဆွေ ဖုန်း-၀၉-၂၀၃၅၀၈၅၊ ဦးနေဝင်း ဖုန်း-၀၉-၂၀၀၂၇၇၊ ဝ၂-၃၉၃၄၆၊ ဦးလှမြင့် ဖုန်း-၀၂-၃၁၂၄၈၊ ဦးတော်မိ ဖုန်း-၀၉-၂၀၂၀၆၄၀၊ ဦးဝင်းမြင့် ဖုန်း-၀၉-၂၀၀၅၂၉၅၊ ဝ၂-၆၆၀၁၀၊ ဦးခင်မောင်သန်း ဖုန်း-၀၂-၆၀၉၀၈၅၅နှင့် ဦးဇော်ဝင်း ဖုန်း-၀၉-၆၉၇၁၉၃၃ တို့သို့ ဆက်သွယ်လျှပါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

## အင်းတကော် အထက အာစရိယပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၃**

ပဲခူးမြို့နယ် အင်းတကော် အထက ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို ဒီဇင်ဘာ ၁၃ ရက် (တနင်္ဂနွေနေ့)တွင် အဆိုပါကျောင်း၌ စည်ကားသိုက်ဖြိုက်စွာကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားသို့ အင်းတကော် အထကတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများနှင့် ပညာရည်နှိုး သောက်စိုခဲ့ကြသော တပည့် ကျောင်းသား၊ ကျောင်းသူများ မယ့်မက မကွက်တက်ရောက်ကြပါရန်နှင့် ယခင်နှစ်များက မတက်ရောက်နိုင်ခဲ့ကြသော တပည့် ကျောင်းသား၊ ကျောင်းသူများလည်း ယခုနှစ်တွင် တက်ရောက်ကြရန်ဖြစ်ပြီး ဆက်သွယ်လျှပါန်းလိုပါက ဦးကျော်ငွေ ဖုန်း-၀၁-၅၇၂၀၄၆၊ ဦးခင်ဇိုး ဖုန်း-၀၉-၈၆၅၅ ၀၃၉၇၊ ဦးကျော်ရှင်း ဖုန်း-၀၁-၇၀၉၁၁၀၊ ဒေါက်တာငွေအောင် ဖုန်း-၀၉-၅၁၈၉၉၂၂၂ ဦးတင်စိုး ဖုန်း-၀၉-၅၂၆၇၀၇၈၊ ပိုလ်မှူးခွန်ငွေးကျော် ဖုန်း-၀၉-၅၀၁၀၁၆၆၅၊ ဦးသန်းထိုက်အောင် ဖုန်း-၀၉-၅၀၆၀၅၂၉၊ ဦးမင်းကြည် ဖုန်း-၀၉-၅၁၉၄၃၀၇နှင့် ဒေါ်အေးအေးသင်း ဖုန်း-၀၁-၇၀၇၈၅၁ တို့သို့ ဆက်သွယ်လျှပါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

## ပြန်မာနိုင်ငံ ဗိုက်ပျိုးရေး၊ သစ်တော၊ ငွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ သုတေသနညီလာခံကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၃**

မြန်မာနိုင်ငံဗိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့်ရေလုပ်ငန်းပညာရှင်အဖွဲ့ အဋ္ဌမအကြိမ် နှစ်ပတ်လည်သုတေသနညီလာခံကို ဒီဇင်ဘာ ၈ရက်မှ ၉ရက်အထိနေပြည်တော်၌ ကျင်းပမည်ဖြစ်ရာ နံနက် ၉နာရီမှ စတင်၍ ကဏ္ဍအလိုက်စာတမ်းများကို ဖတ်ကြားမည်ဖြစ်သည်။ အဆိုပါညီလာခံတွင် ဗိုက်ပျိုးရေးကဏ္ဍဆိုင်ရာစာတမ်း ၁၉စောင်ကို နေပြည်တော်ရေဆင်း ဗိုက်ပျိုးရေးတက္ကသိုလ်၌ လည်းကောင်း၊ သစ်တောကဏ္ဍဆိုင်ရာ စာတမ်း ၁၇စောင်ကို နေပြည်တော်ရေဆင်းရှိ သစ်တောသုတေသနဌာန၌ လည်းကောင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍဆိုင်ရာ စာတမ်း ၁၈ စောင်ကို မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၌လည်းကောင်း ဖတ်ကြားကြမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူများအနေဖြင့် တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**၂၀၀၉ ခုနှစ် ကမ္ဘာ့ခရီးသွားဆုတစ်ဆုဖြစ်သော Myanmar's Leading Hotel ဆုကို ဆီဒိုးနားဟိုတယ်(ရန်ကုန်)က ထပ်မံရရှိရာ ဆီဒိုးနားဟိုတယ် (ရန်ကုန်)မှ အထွေထွေမန်နေဂျာ Mr. Saman Sarathchandra တက်ရောက် ဆုလက်ခံရယူစဉ်။**

(သတင်းစဉ်)

## ၂၀၀၉ ခုနှစ် ကမ္ဘာ့ခရီးသွားဆု ဆီဒိုးနားဟိုတယ်(ရန်ကုန်)က ထပ်မံရရှိ

**ရန်ကုန် ဒီဇင်ဘာ ၃**

ကမ္ဘာတစ်ဝန်းရှိ ခရီးသွားကိုယ်စားလှယ် အဖွဲ့များ၏ ဆွေးနွေးယှဉ်ပြိုင်မှု ၂၀၀၉ခုနှစ် ကမ္ဘာ့ခရီးသွားဆု တစ်ဆုဖြစ်သော Myanmar's Leading Hotel ဆုကို ဆီဒိုးနားဟိုတယ်(ရန်ကုန်)က ထပ်မံရရှိသွားသည်။ ဆီဒိုးနားဟိုတယ်(ရန်ကုန်) အနေဖြင့် အဆိုပါဆုကို ယမန်နှစ်နှင့် ယခုနှစ်တို့တွင် နှစ်နှစ်ဆက်တိုက် ရရှိခြင်းဖြစ်သည်။

ကမ္ဘာ့ခရီးသွားဆု အစီအစဉ်ကို ၁၉၉၃ ခုနှစ်ကတည်းက စတင်ချီးမြှင့်ခဲ့ရာ ၁၆ နှစ်ခန့်ပြုဖြစ်ကာ ကမ္ဘာ့ခရီးသွားလုပ်ငန်းများအကြားတွင် အထူးထင်ရှားသော အစီအစဉ်တစ်ခုဖြစ်ပြီး ကမ္ဘာတစ်ဝန်းဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများက ရွေးချယ်ခံရရန် အလွန်ရှေ့လင့်လျက် ရှိသောဆုလည်းဖြစ်သည်။

ဤဆုကို ရွေးချယ်နိုင်ရန် ကမ္ဘာ့နိုင်ငံပေါင်း ၁၆၀ ကျော်မှ ခရီးသွားလုပ်ငန်းများ၊ ခရီးသွား ကိုယ်စားလှယ်အဖွဲ့များ၊ သယ်ယူပို့ဆောင်ရေးကုမ္ပဏီများ စုစုပေါင်း ၁၈၃၀၀၀ ကျော်တို့မှ ခရီးသွားကျန်းကျင်ပုဂ္ဂိုလ်များက ဝိုင်းဝန်းအကဲဖြတ် ဆန္ဒပြုခဲ့ခြင်းဖြစ်ပြီး ဆုအမျိုးအစားပေါင်း ၉၁၉၃ ရှိသည်။ "ဤခရီးသွားဆုသည် ကမ္ဘာ့ဒေသရဲ့ ကဏ္ဍစုံရှိ ခရီးသွားလုပ်ငန်းများမှ အကောင်းဆုံးအရည်အသွေးများအတွက် ရွေးချယ်ပေးအပ်သည့် တစ်ခုတည်းသော ဂုဏ်ထူးဆောင်ဆုဖြစ်သည်" ဟု ကမ္ဘာ့ခရီးသွားဆုအစီအစဉ် တည်ထောင်သူနှင့် ဥက္ကဋ္ဌဖြစ်သူ Mr. Graham E.Cooke က ပြောကြားသည်။

(၁၆)ကြိမ်မြောက် World Travel Awards ဆုချီးမြှင့်ပွဲကို the five-star Grosvenor House, a JW Hotel in London ၌ နိုဝင်ဘာ ၇ ရက်တွင် ကျင်းပရာ ဆီဒိုးနားဟိုတယ် (ရန်ကုန်)မှ အထွေထွေမန်နေဂျာ Mr. Saman Sarathchandra က Sedona Hotel Yangon, Myanmar's Leading Hotel အတွက် တက်ရောက် ဆုလက်ခံရယူခဲ့သည်။

ထိုးက"ယခုကဲ့သို့ ကမ္ဘာ့ခရီးသွားဆု၏ Myanmar's Leading Hotel ဆုကို နှစ်နှစ်ဆက်တိုက်ရရှိသဖြင့် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။ ဤဆုသည် အုပ်ချုပ်သူနှင့် ဟိုတယ်ဝန်ထမ်းများ၏ ရည်မှန်းချက်တစ်ခုဖြစ်ပြီး စွမ်းဆောင်ရည် အပြည့်ဖြင့် အစဉ်တစ်ဖိုက်ကြိုးပမ်းဆောင်ရွက်ခဲ့မှုများ၏ သက်သေပင်ဖြစ်ကြောင်း၊ အကျပ်အတည်းများကြားမှ ခက်ခဲစွာ ဆောင်ရွက်နေရသော်လည်း ဟိုတယ်၏ ဝန်ဆောင်မှုများကို လုံးဝလေလျှော့ကျခဲ့မှုများကြောင့် ယခုကဲ့သို့ ကမ္ဘာ့အလယ်တွင် ရွေးချယ်ခံခဲ့ခြင်းဖြစ်ကြောင်း၊ ထို့အပြင် ဟိုတယ်ဝန်ထမ်းများ၏ နိုင်ငံတကာအဆင့်မီ စွမ်းဆောင်ရည် ပြည့်ဝမှုကို ယခုကဲ့သို့ အသိအမှတ်ပြုခံရ၍လည်း အထူးဂုဏ်ယူမိကြောင်း၊ မိမိတို့ဟိုတယ်၏ ဝန်ဆောင်မှုအဆင့်အတန်းကို နိုင်ငံတကာ အသိုင်းအဝိုင်းတွင် ပြသနိုင်ရုံသာမက မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကို ကမ္ဘာ့အလယ်၌ ပိုမိုလူသိများထင်ရှားလာစေရန် မြင့်တင်ပေးရာလည်း ရောက်ပါကြောင်းဖြင့် လန်ခန့်မြို့တွင်ကျင်းပခဲ့သော ဆွေးနွေးပွဲအခမ်းအနားတွင် ပြောကြားခဲ့ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

## ကွင်းဆင်းကြီးကြပ်

**ရွှေဘိုမြို့နယ် စည်ပင်သာယာရေး အဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသည့် အမှတ်(၇)ရပ်ကွက်ရှိ ဆူတောင်းပြည်ဘုရား လမ်းနှင့် ဆက်သွယ်သော အမတ(၁၂)ကျောင်းလမ်း ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးနီထွန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးအောင်မြင့်သန်းတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)

## (၃၆)ကြိမ်မြောက် အရှေ့တောင်အာရှ လူငယ်ခေါင်းဆောင်များ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

**ရန်ကုန် ဒီဇင်ဘာ ၃**

ဂျပန်နိုင်ငံ အစိုးရအဖွဲ့ရုံးမှ အုပ်ချုပ်ရေးမှူး Mr. Aichiro Tanaka ဦးဆောင်၍ (၃၆)ကြိမ်မြောက် အရှေ့တောင်အာရှလူငယ်များ သင်္ဘောခရီးစဉ်မှ အုပ်ချုပ်သူများ၊ ဂျပန်နိုင်ငံနှင့် အာဆီယံ ၁၀ နိုင်ငံတို့မှ လူငယ်ခေါင်းဆောင်များနှင့် ဒုတိယခေါင်းဆောင်များသည် ယမန်နေ့ နံနက် ၉ နာရီ ပိနစ် ၅၀ တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## အလိမ္မာ စာမျက်ရှု

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ ၂၀၀၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

## ရွှေဖုံမှ

ကုလသမဂ္ဂအဖွဲ့ကြီးက အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အတွက် နှစ်စဉ်နှစ်တိုင်း ဦးတည်ချက်များ ချမှတ်ပေးလေ့ရှိကြောင်း၊ ၂၀၀၉ခုနှစ်အတွက် ချမှတ်ပေးသည့် ဦးတည်ချက်မှာ "Making the MDGs Inclusive; Empowerment of Persons With disabilities and their Communities around the World". "ထောင်စုနှစ် ရည်မှန်းချက်များ ပြည့်ဝစေရေး၊ မသန်စွမ်းသူများကိုလည်း ပို့ဆောင်ရွက်ခွင့်ပေး"ဖြစ်ကြောင်း။

ကုလသမဂ္ဂအဖွဲ့ကြီးက ၂၁ ရာစုတွင် ပို့ချလိုသြဇီစတ်ချ၍ လူများပိုပို့ရွှင်လန်းပြီး ပိုမို့ကြွယ်ဝချမ်းသာသည့် ကမ္ဘာကြီးပေါ် ထူးခံလာရေးကို ရှေးရှုသည့် ထောင်စုနှစ် ဖွံ့ဖြိုးရေးရည်မှန်းချက် ပန်းတိုင်များ (Millennium Development Goals)ကို ၂၀၀၀ ပြည့်နှစ် စက်တင်ဘာ ၈ ရက်တွင် ချမှတ်ခဲ့ကြောင်း၊ ရည်မှန်းချက်ပန်းတိုင် ၁၈ခုပါဝင်သည့် ထောင်စုနှစ် ဖွံ့ဖြိုးနှောင်းပိုင်းကစ၍ ကုလသမဂ္ဂအဖွဲ့ကြီးနှင့် နိုင်ငံတကာ အဖွဲ့အစည်းများက အထူးအာရုံစိုက်ခဲ့သည့် ကိစ္စတစ်ခုဖြစ်ကြောင်း၊ ၁၉၇၁ ခုနှစ်တွင် ဥဃရည်ပမေါသူများ၏ အခွင့်အရေး ဆိုင်ရာကြေညာချက်၊ ၁၉၇၅ခုနှစ်တွင် မသန်စွမ်းသူများ၏ အခွင့်အရေး များဆိုင်ရာ ကြေညာချက်တို့ကို ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံက ထုတ်ပြန်ပေးခဲ့ကြောင်း။

ယင်းကာလက ကမ္ဘာ့နှင့်အဝန်းတွင် ကိုယ်ခန္ဓာနှင့် စိတ်ကျန်းမာရေးမကောင်းသူ သန်းပေါင်းငါးရာမျှရှိရေသည်ကို ဂရုပြုပြီး၊ ၁၉၇၉ခုနှစ် ဒီဇင်ဘာ ၁၆ ရက်တွင် ကျင်းပသည့် ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက ၁၉၈၁ ခုနှစ်ကို "နိုင်ငံတကာမသန်စွမ်းသူများနှစ်"ဟု သတ်မှတ်ပေးခဲ့ကြောင်း၊ ကုလသမဂ္ဂအဖွဲ့ကြီး၏ ဆုံးဖြတ်ချက်ကို နိုင်ငံတကာက ပူးပေါင်းပါဝင် ကျင်းပခဲ့သည့်အတွက် ကမ္ဘာ့လူထုအားလုံးရေး၏ ၁၀ ရာခိုင်နှုန်းခန့်ရှိသော မသန်စွမ်းသူများ အတွက် အခြားကမ္ဘာ့သူကမ္ဘာ့သားများ နည်းတူ ကြီးပမ်းဆောင်ရွက်နေကြသူများဖြစ်ကြကြောင်း၊ ဤသို့ ဆောင်ရွက်နိုင်အောင်လည်း နေရာပေး ဆောင်ရွက်ခွင့် ပေးကြရန်လိုကြောင်း၊ ယနေ့ ထိုးတက်ပြောင်းလဲနေသော IT နည်းပညာဘေဝတွင် မသန်စွမ်းသူများအနေဖြင့် အတားအဆီးများကို အတော်အသင့် ကျော်လွှားနိုင်ကြပြီဟု ဆိုရမည်ဖြစ်ကြောင်း၊ သို့ရာတွင် ကမ္ဘာ့နေရာဒေသ တော်တော်များများတွင် တော့ မသန်စွမ်းသူများအတွက် အတားအဆီးများသည် ယနေ့တိုင်ရှိနေကြသေးကြောင်း။

ထို့ကြောင့် ထောင်စုနှစ်ဖွံ့ဖြိုးမှုရည်မှန်းချက်များ ပြည့်ဝရေး၊ မသန်စွမ်းသူများအတွက် အခွင့်အလမ်းများ ပေါ်ပေါက်လာနိုင်ရေးနှင့် အတားအဆီး အခက်အခဲများကို ဖယ်ရှားပစ်ပြီး စိတ်ရောကိုယ်ပါ ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် "မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ်" (Convention on the Rights of Persons With Disabilities)ကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာလမှာ ကျင်းပသည့် (၆၁)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံက သဘောတူ ထုတ်ပြန်ထားပြီးဖြစ်ကြောင်း၊ ထိုစာချုပ်တွင် အပိုဒ်ပေါင်း ၅၀ပါဝင်ပြီး မသန်စွမ်းသူများ၏ အများပြည်သူဆိုင်ရာ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများအားလုံး ခြုံငုံပါဝင်နေသည်ကို တွေ့ရကြောင်း။

ထေရဝါဒဗုဒ္ဓသာသနာ၏ အဆုံးအမ အောက်တွင် ပြဟ္မဝိုရ်တရားလေးပါးကို ထာဝစဉ် အလေးအမြတ်ထားသည့် မိမိတို့ မြန်မာနိုင်ငံ၌ မသန်စွမ်းသူများအပေါ် နှိမ့်ချနေဆက်ဆံလေ့ရှိသဲ့ မသန်စွမ်းသူများ၏ ခံစားချက်ကို စာနာဆွေး အလေးထားသည့် ဧလေ့ရစ်ကိ သည် ရေးယခင်ကတည်းက ရှိနှင့်ပြီး သားဖြစ်ကြောင်း၊ ၂၀၀၈ ခုနှစ် မေလ ၂၉ ရက်က အတည်ပြုပြဋ္ဌာန်းပြီးဖြစ်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ(၂၅)တွင် မသန်စွမ်းသူများကို နိုင်ငံတော်က ကြည်နူးစေငှ်ရောက်ရန် အတိအလင်း ပြဋ္ဌာန်းထားပြီး ဖြစ်ကြောင်း။

မသန်စွမ်းသူများ၏ အရေးကို ဆောင်ရွက်ရာ၌ CBR ဟုခေါ်သော "ရပ်ရွာအခြေပြုနှိုးကွပ်ထိုထောင်ရေး လုပ်နည်း" (Community Based Rehabilitation)များထွန်းကားပြန့်ပွားရေးနှင့် ရေရှည်ရှင်သန်ဖွံ့ဖြိုးရေးသည် အထူးအရေးကြီးလှကြောင်း၊ CBR ဆိုသည်မှာ "ရပ်ရွာလူထုအတွင်း၌ မသန်စွမ်းသူများ၏ ဘဝ ပြန်လည် ထူထောင်ရေး၊ အခွင့်အရေးများ တန်းတူခံစားရရှိလာနိုင်ရေးနှင့် ၎င်းတို့ မြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် The Leprosy Mission International (TLMI) အဖွဲ့နှင့် ပူးပေါင်းလက်တွဲပြီး အမျိုးသားအဆင့် မသန်စွမ်းသူများ ဆိုင်ရာ လုပ်ငန်းစီမံချက် ရေးဆွဲလျက် ရှိကြောင်း၊ ပြည်နယ်/တိုင်း ခုနစ်ခုမှ ပြို့နယ် ၁၂၊ အိမ်ထောင်စုပေါင်း ၁၀၈၀၀၀ ထဲ ကွင်းဆင်းလေ့လာပြီး ဖြစ်ကြောင်း၊ ဤသို့လေ့လာဆန်းစစ်မှု များကိုအခြေခံ၍ ညီညွတ်းရေးဆွဲ အတည်ပြုထွက်ပေါ်လာမည်ဟု ဤမိမ်းချက် သည် ရပ်ရွာအခြေပြုနှိုးကွပ်ထိုထောင် ရေးလုပ်ငန်းများကို ပိုမိုရှင်သန် ထက်မြက်စေပြီး ထောင်စုနှစ်ဖွံ့ဖြိုးရေး ပန်းတိုင်ရောက်ရှိရေး ရည်မှန်းချက် ကိုဖော်ဆောင်ရာ၌ အထောက်အကူပြု စေသည်မှာမလွဲဟုပြောကြားလိုကြောင်း၊ မျက်မှောက်ခေတ် ဆယ်စုနှစ် အတွင်းမှာပင် မသန်စွမ်းသူများဆိုင်ရာ အဖွဲ့အစည်းများ တစ်ခုပြီးတစ်ခု ပေါ်ထွန်းလာခြင်းသည် အလွန်အားရ ကျေနပ်ဝရာဖြစ်ကြောင်း၊ "ကိုယ်တိုင် ကိုယ်ကျပါဝင်မှ သန်စွမ်းလှပ ဒို့ရဲ့ ရေသာခိုစိတ်များ ဖြစ်ပေါ်လာနိုင် ကြောင်း၊ ထို့ကြောင့်မသန်စွမ်းသူများ၏ အရေးကိစ္စများကို မသန်စွမ်းသူများ ကိုယ်တိုင် ဆုံးဖြတ်လုပ်ကိုင်ခြင်းသည် အသင့်လျော်ဆုံးဖြစ်ကြောင်း။

မသန်စွမ်းသူများ အသုံးပြုကြသည့် အထောက်အကူပြု ပစ္စည်းကိရိယာ များနှင့် Wheel Chair များကို မသန် စွမ်းသူများ ကိုယ်တိုင်ပါဝင် အားထုတ်ပြုစုခဲ့သော"လက်သင်္ကေတ ပြ အဘိဓာန်စာအုပ်"ကို ထုတ်ဝေခဲ့ပြီဖြစ်သကဲ့သို့ ပြီးခဲ့သည့် စက်တင်ဘာ ၆ ရက်က "မြန်မာလက်သင်္ကေတပြဘာသာစကားပြောစာအုပ်"ကို ထပ်မံ၍ ထုတ်ဝေနိုင်ခဲ့ကြောင်း၊ အခြားနိုင်ငံများကလက်သင်္ကေတပြဘာသာစကား ကို အတုယူ၊ ပုံစံတူကူးယူတာမျိုး မဟုတ်ဘဲ မြန်မာ့ယဉ်ကျေးမှု ဓလေ့ စရိုက်နှင့် လိုက်လျောညီထွေရှိသည့် မြန်မာ ကိုယ်ပိုင်ပန် လက်သင်္ကေတ ပြဘာသာစကားကို ဖော်ထုတ်ပြစု ထားသည့် အဆင့်မြင့် သဒ္ဒါစာအုပ် တစ်အုပ်ဖြစ်သည့်အတွက် မြန်မာနိုင်ငံ က နားကြားသူများ၏ ဘဝမြင့်တင် ရေးကို ဆောင်ရွက် ရာ၌ ထင်ရှားသော သုခိုင်းမှတ်တိုင်တစ်ခုကို စိုက်ထူနိုင်ခဲ့ ပြီဖြစ် ကြောင်း။

"လူတိုင်း အကျုံးဝင် ပညာရေး" ဖော်ဆောင်မှုနှင့် မသန်စွမ်းသင်တန်း ကျောင်းအသိုးသီးက ကျောင်းသား၊ ကျောင်းသူလေးများ၏ ကြိုးပမ်း အားထုတ်မှုကြောင့် ၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ၁၃ ဦး၊ ၂၀၀၆ ခုနှစ်တွင် ၎ဝင်ဦး၊ ၂၀၀၈ ခုနှစ်တွင် ခြောက်ဦးနှင့် ၂၀၀၉ ခုနှစ်တွင် သုံးဦး အောင်မြင်ခဲ့ ကြကြောင်း၊သူတို့ကိုလည်း ထိုက်ထိုက် တန်တန်ဂုဏ်ပြုခြီးမြှင့် ပေးခဲ့ပြီးဖြစ် သကဲ့သို့ အဆင့်မြင့်တက္ကသိုလ်ပညာရပ် များ ဆက်လက် ဆည်းပူးနိုင်အောင် လည်း ဆောင်ရွက်ပေးနေကြောင်း။

မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်က ဦးဆောင်သည့် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်း အားကစားပြိုင်ပွဲကို နှစ်စဉ်နှစ်တိုင်း ကျင်းပပေးပြီး ထူးချွန်ထက်မြက်သည့် အားကစားသမားများ ပေါ်ထွန်းလာ အောင် ကြိုးပမ်းဆောင်ရွက်ပေးနေ ခြင်းပင်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအရပ်ရပ်က မသန်စွမ်း သူများပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုး ရေးလုပ်ငန်းများတွင် အားတက်သရော အားပေးကူညီပုံပုံးကြသည့် ကုလ သမဂ္ဂအေဂျင်စီများ၊ နိုင်ငံတကာ အဖွဲ့ အစည်းများ၊ ပြည်တွင်းပြည်ပ စေတနာ ရှင်များအားလုံးကို နိုင်ငံတော် အမိုးရ၊ ပုဂ္ဂလိကဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန် လည်နေရာချထားရေး ဝန်ကြီးဌာနက လိုက်လိုက်လဲလဲ ကျေးဇူးတရားအထူး တင်ရှိပါကြောင်းပြောကြားလိုကြောင်း။ နိဂုံးချုပ်အနေဖြင့် ပြောကြား လိုသည်မှာ-

- မသန်စွမ်းသူများ၏ အရေးကိစ္စ သည် လူအသိုင်းအဝိုင်း၊ လူအဖွဲ့ အစည်းတစ်ရပ်လုံးနှင့် သက်ဆိုင် သည့် လူမှုဖွံ့ဖြိုးမှု ကိစ္စတစ်ရပ် အဖြစ် လက်ခံနားလည်သဘော ပေါက်ကြပြီး "ရပ်ရွာအခြေပြု ပြန်လည် ထူထောင်ရေးလုပ်ငန်း" များ ရှင်သန်ထက်မြက်လာအောင် ပိုင်းဝန်းကူညီ အားပေးကြပါ။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ ဌာနဆိုင်ရာနှင့် အဖွဲ့အစည်းများမှ ထူးချွန်ဆုရ မသန်စွမ်းသူများအား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)

**ကုလသမဂ္ဂ အတွင်းရေးမှူး ချွန်ထမ့် ပေးပို့သော သဝဏ်လွှာကို ကုလသမဂ္ဂ အဖွဲ့အ စည်း များဆိုင် ရာ ဌာနေညွှန်ကြား ရေးမှူး** Mr. Bishow B.Parajuli **ဖတ်ကြားစဉ်။** (သတင်းစဉ်)

ရေးပန်းတိုင်ကို အရောက်လုပ်နိုင်ရန် အတွက် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ သည် အားသွန်ခွန်စိုက် ကြိုးပမ်း ဆောင်ရွက်နေကြောင်း၊ တစ်ချိန်တည်း မှာပင် စားနပ်ရိက္ခာ၊ လောင်စာ၊ ငွေကြေး၊ တုပ်ကွေးစသည့် အကျပ် အတည်းများစွာနှင့် အန္တရာယ်ကြီးမား လှသည့် ရာသီဥတုအပြောင်းအလဲကိစ္စ များကိုကျော်လွှားနိုင်အောင် ဆောင်ရွက် နေကြကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၁ရာစုတွင် ပို့မိကောင်းမွန်သော၊ ပို့မိသာယာဝပြောသော၊ ငြိမ်းချမ်းသော ကမ္ဘာကြီး တည်ဆောက်ရေးဆိုင်ရာ ထောင်စုနှစ် ဖွံ့ဖြိုးရေးရည်မှန်းချက်များ ကို နိုင်ငံတကာအသိုက်အဝန်းနှင့် အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

မသန်စွမ်းသူများ၏ အခွင့်အရေး ကိစ္စများသည် လွန်ခဲ့သည့် ၂၀ရာစု ဧ၏အရေးကို ပို့မိအာရုံစိုက်နိုင်ခဲ့ ကြောင်း၊ နောက်ဆက်တွဲ အကျိုးဆက် အဖြစ် ၁၉၈၂ ခုနှစ်တွင် မသန်စွမ်းသူ များနှင့် ပတ်သက်သည့် ကမ္ဘာ့လုပ်ငန်း အစီအစဉ် ထွက်ပေါ်လာခဲ့ကြောင်း၊ ယင်းအစီအစဉ်သည် မသန်စွမ်းမှု နယ်ပယ်၏ ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်ဖြင့် တွန်းအားပေးနိုင်ခဲ့ ကြောင်း။

ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံလည်းဖြစ် အာရှနှင့် ပစိဖိတ်ဒေသတွင်း နိုင်ငံ တစ်နိုင်ငံလည်းဖြစ်သည့် မြန်မာနိုင်ငံ အနေဖြင့် "တစ်ယိုးသားလုံး ကျန်းမာ ကြွှဲဉီးရေးနှင့် ပညာရည်မြင့်မားရေး"ဆို သည့် လူမှုရေးဦးတည်ချက်ကို ဖော် ဆောင်ရာတွင်ထိခိုက်လွယ်ပြီး အင်အား နည်းသော ကလေးသူငယ်၊ လူငယ်၊ အမျိုးသမီး၊ သက်ကြီးရွယ်အို အုပ်စုနှင့် ပတ်သက်သော အားလုံး လူမှုရေးနယ်ပယ်အဝဝတွင် တက်ကြွစွာ ပါဝင်ပူးပေါင်းလာနိုင်ရေး တို့ကိုအခြေခံ၍ ရပ်ရွာလူထု တစ်ရပ်လုံး ဘက်စုံ တိုးတက်ဖွံ့ဖြိုးရန်အတွက် စုပေါင်းလုပ်ဆောင်သော လုပ်ငန်းစဉ် နည်းဗျူဟာတစ်ရပ်" ဖြစ်ကြောင်း၊ ထို့ကြောင့် ဤလုပ်ငန်းစဉ်သည် မသန် စွမ်းသူများ၊ မိသားစုများ၊ အသင်းအဖွဲ့ များ ရပ်ရွာပြည်သူလူထုနှင့် ဌာနဆိုင်ရာ အစိုးရ အဖွဲ့အစည်းများ အားလုံး စုပေါင်း၍ လက်တွဲပါဝင်လုပ်ဆောင် အကောင်အထည်ဖော်ရမည့် "ရပ်ရွာ ဖွံ့ဖြိုးရေးလုပ်ငန်း" ပင်ဖြစ်ကြောင်း။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ဘဝ"ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ဤအဖွဲ့အစည်းများ၌ မသန်စွမ်းသူ များကိုယ်တိုင် အဓိကဦးဆောင်ပြီး အစီအစဉ်ရေးဆွဲမှု၊ စီမံခန့်ခွဲမှု ဆုံးဖြတ် ချက်ချမှုနှင့် အကောင်အထည်ဖော် မှုများ ဆောင်ရွက်နေကြသည်ကိုလည်း တွေ့ရှိရပါကြောင်း၊ အကယ်၍ သန်စွမ်း သူများကသာ အရာခပ်သိမ်းကို ဦးဆောင် လုပ်ကိုင်ပေးနေမည်ဆိုလျှင် မသန်စွမ်းသူများအနေဖြင့် မိမိတွင်ရှိ သည့်စွမ်းရည်ဖြင့် လုပ်ဆောင်နိုင်မှု အပေါ် ၌ ယုံကြည်ချက်အားနည်းလာပြီး နောင်တွင်လည်း သူတို့ကပင် ဦးဆောင် လုပ်ပေးလိမ့်မည်ဆိုသည့် အသိဖြင့်

**❁ ကျောဝုံးမှ**

စနစ်မပါဘဲ တစ်နေ့လျှင် ဆက်တိုက် ၁၈ နာရီကြာမျှ ထုတ်လွှင့်ပေးလျက်ရှိသည်။

လွှမ်းခြုံထုတ်လွှင့်သည့် ဒေသများမှာ ရန်ကုန်မြို့နှင့် မိုင် ၃၀ ပတ်လည်၊ တောင်ငူမြို့နှင့် မိုင် ၃၀ ပတ်လည်၊ မန္တလေးမြို့နှင့် မိုင် ၈၀ ပတ်လည်တို့ဖြစ်ပြီး ထုတ်လွှင့်သည့် Frequency မှာ ၈၇ ဒသမ ၉ MHz ဖြစ်သည်။

ကြယ်ပွင့်များ၊ နှလုံးသားစုစည်းမှု၊ စတေနာစကား၊ VCD အညွှန်း၊ သမီးလေးဖတ်ဖို့ မင်္ဂလာရွှေသောဆုတောင်းများ၊ ခေါင်းစဉ်တေးများ၊ FM Music Show၊ ပရိသဲယာလိပ်ရင်ခုန်သံ၊ Radio Talk၊ ရန်ကုန်သားနှင့် မန္တလေးသူ၊ ညနေခင်းသတင်း၊ သူတို့သီချင်းသူတို့ သတင်း(နိုင်ငံတကာ)၊ တေးခွဲဆုထိတေး Album၊ သံစဉ်တူ တေးသွား များ၊ ယနေ့ သိပ္ပံနှင့် နည်းပညာများ၊ ဂီတအစည်းအရုံးသို့ပေးခွေခဲ့ကြောင်း၊ ကြော်ငြာများကိုလည်း အခိုန်ကန့်သတ်လက်ခံသွားမည်ဖြစ်ကြောင်း၊ ရည်ရွယ်ချက်မှာ မန္တလေး FM မှထုတ်လွှင့်သည့် အစီအစဉ်များကို ကြော်ငြာကြောင့် အရသာမပျက်ဘဲခံစားနိုင်ရန်၊ ကြော်ငြာပါဝင်မှုနည်းသည့်အတွက် နားဆင်သူ ပရိသတ်များ ပို့များလာစေရန်၊ ကြော်ငြာရှင်များအနေဖြင့်လည်း လူများများသို့ ကြော်ငြာနိုင်သဖြင့် အကျိုးကျေးဇူးများ ပိုမိုရရှိစေရန်၊ ကြော်ငြာကုန်ကျစရိတ်ထက်ပိုမိုသော အကျိုးသက်ရောက်မှုအဖြစ် ဒေသအတွင်းတွင် အမှတ်တံဆိပ်လွှမ်းမိုးခြင်းနှင့် စားသုံးသူများ၏ အာရုံစူးစိုက်မှုပိုမိုရရှိရန်၊ စားသုံးသူ (နားဆင်သူ)များ အနေဖြင့်လည်း သုံးစွဲမှုကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများကို ပိုမိုရွေးလင်းစွာ သိရှိစေရန်ရည်ရွယ်ပါကြောင်း"ဖြင့် ရှင်းပြပါသည်။

ဆက်လက်၍"အစီအစဉ်များထုတ်လွှင့်ရာတွင် ဖျော်ဖြေရေးဦးစားပေးပုံဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ကြော်ငြာများကို သီချင်းပုံစံကြော်ငြာနှင့် ကုန်ပစ္စည်း(သို့) ဝန်ဆောင်မှု အကြောင်းရှင်းပြသည့် စကားပြော သက်သက်ကြော်ငြာဟူ၍ အမျိုးအစား ခွဲ၍ လက်ခံလျက်ရှိကြောင်း၊ ထုတ်လွှင့်သည့်အစီအစဉ်များကို အရသာမပျက်ခံစားနိုင်စေရန် ထုတ်လွှင့်ချိန် တစ်နာရီတိုင်းတွင် ကြော်ငြာချိန် အများဆုံး ၈ မိနစ်သာလက်ခံကြောင်း၊ တစ်ကြိမ်လျှင် စုစုပေါင်း အချိန် ၃ မိနစ်ထက်မပို့သော ကြော်ငြာများကိုသာ လက်ခံထည့်သွင်းကြောင်း၊ ၃ မိနစ် အတွင်း အမျိုးအစားတူ ကြော်ငြာများ ပူးတွဲလက်မခံကြောင်း၊ နားဆင်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များအတွက် အကောင်းဆုံးစီစဉ်တင်ဆက်ပေးနေကြောင်း၊ အသေးစိတ်သိလိုပါက မန္တလေးမြို့ ချမ်းသေးသာစံမြို့နယ် ၇၇ လမ်းနှင့် ၇၈ လမ်းကြား အမှတ်(စီ)(၃/၄) ဖုန်း-၀၂-၂၄၄၀၁၊ ၀၂-၂၄၄၀၂၊၀၂- ၂၄၄၀၃ တို့သို့လည်း ကောင်း၊ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် အိုလံပစ်တာဝါအမှတ် (၁၄၀၂ နှင့် ၁၄၀၃)၊ ဖုန်း-၀၁-၂၀၄၀၁၃နှင့် ၀၁-၂၅၄၂၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း" ဖြင့် ပြောကြားသည်။

Program Director ဦးကျော်ဝင်းကလည်း " ပြည်သူများအပန်းပြေစေဖို့ ရည်ရွယ်ထားတဲ့အတိုင်း ပြည်သူများနှင့် ကိုက်ညီမှုရှိ၍ ဝမ်းမြောက်မိကြောင်း၊ မိသားစုစိတ်ဓာတ်ဖြင့် အားလုံးစိတ်အား ထက်သန်စွာ အချိန်ပေးဆောင်ရွက်ရာရာ၌ကြောင်း၊ ဆက်လက်ကြိုးစား သွားမည်ဖြစ်ကြောင်း၊ နောက်ထပ် FM ရေဒီယိုလိုင်း အစီအစဉ်သစ်များ ပေါ်ပေါက်လာသည်ကို အားကျကြိုဆိုမိပါကြောင်း"ဖြင့် မြောကြားပါသည်။

**ဖွံ့ဖြိုးလာခဲ့**

နိုင်ငံအတွင်း FM ရေဒီယိုယဉ်ကျေးမှုပိုမိုထွန်းကားလာမှုနှင့်အတူ မန္တလေး FM ရေဒီယိုသည်လည်း အားကောင်း မောင်းသန်အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးလာခဲ့ချေပြီ။

မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍာပဖွင့်ပွဲ၊ ပိတ်ပွဲဖျော်ဖြေတင်ဆက်မှုများကို မန္တလေးမြို့နှင့် ဝန်းကျင် ဒေသများကို တိုက်ရိုက်ထုတ်လွှင့်မှုစနစ်ဖြင့်ပင် ထုတ်လွှင့်ပေးနိုင်ခဲ့သည်။

ထို့အတူ မန္တလေးမြို့တည်၊ နန်းတည် နှစ် ၁၅၀ ပြည့်အား ဂုဏ်ပြုသောအား ဖြင့် ၂၀၀၉ ခုနှစ် မေ ၁၀ ရက်တွင် မန္တလေးမြို့ အမျိုးသားကဇာတ်ရုံ၌ ဂန္ဓဝင်ရေဒီယို အဆိုတော်ကြီးများ၏ ရွှေမန္တလေးညတေးဂီတ ဖျော်ဖြေပွဲကို လည်း မန္တလေး FM ရေဒီယိုက တာဝန်ယူဆောင်ရွက်ပေးနိုင်ခဲ့သည်။

**ရေပန်းစားလာ**

သို့ဖြင့် တိုတောင်းသောကာလ အတွင်းမှာပင် မန္တလေး FM ရေဒီယို သည် လူကြီး လူငယ်မရွေးသောတရုတ် ပရိသတ်များအကြားတွင် အထူး ရေပန်းစားလာသည်ကို တွေ့ရသည်။

ရန်ကုန်မြို့ အထက (သုဝဏ္ဏ)မှ သတ္တမတန်း ကျောင်းသူလေး မနှင်းအေးဝေက "အားလပ်ချိန်တွေမှာ မန္တလေး FM အစီအစဉ်ကို သမီး နားထောင်ပါတယ်။ သီချင်းတွေအားလုံး ကြိုက်ပါတယ်။ ရန်ကုန်သားနဲ့ မန္တလေးသူ အစီအစဉ်ကိုလည်း နှစ်သက်ပါတယ်။ မန္တလေး FM နားထောင်ချင်လို့ အမေ့ကို ရေဒီယိုတစ်လုံး ပူဆာပြီး ဝယ်ခိုင်းထားပါတယ်" ဟူ၍ မန္တလေး FM အပေါ် သူအမြင်ကိုပြောပြပါ သည်။

မှန်လေးသည်။ FM ရေဒီယို ယဉ်ကျေးမှုရေးဘက်တွင်းသို့ ဂျွန်တော်သည်လည်း အလိုက်သင့် လိုက်ပါစီးမျောရင်း နှုန်ကိုင်းတွင် မန္တလေး FM မှ ထုတ်လွှင့်သည့် နန်းက်ခင်းမြန်မာသီချင်းဖြင့် အိပ်ရာထ၍ ညပိုင်းတွင် Sweet Dream/ Love Song သံစဉ်တို့ဖြင့် ညအိပ်ရာဝင်လျက်ရှိပါကြောင်း တင်ပြလိုက်ရပေသည်။ ။

**မန္တလေး FM အုပ်ချုပ်မှုတာဝန်ခံ ဦးဖြင့်ဇော်။**

**မန္တလေး FM အချက်အလက် သတင်း တာဝန်ခံ ဦးမျိုးမြတ်သူ။**

**FM ရေဒီယို ပရိသတ်တစ်ဦး ဖြစ်သည့် ရန်ကုန်မြို့ အထက (သုဝဏ္ဏ)မှ သတ္တမတန်း ကျောင်းသူ မနှင်းအေးဝေ။**

ဝန်ထမ်းအင်အား ၁၀၈ ဦးရှိပြီး မန္တလေး FM ရေဒီယိုနားသောတဆင့်သူ ပရိသတ်များအတွက် ဗဟုသုတများ၊ သတင်းအချက်အလက်များ၊ ဖျော်ဖြေမှု အစီအစဉ်များဖြင့် ကဏ္ဍစုံ၊ ရသစုံ တင်ဆက်ကာ ပရိသတ်အပြဲစွဲမက်၍ နားဆင်နိုင်မည့် Channelတစ်ခုဖြစ်ရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိသည်။

နေ့စဉ် Program များအဖြစ် စေတီတော်သမိုင်း၊ နှန်ကဲခင်းမြန်မာသီချင်း၊ နားဆင်ခံစားမြန်မာသံစဉ်များ၊ အမှတ်တရတေး၊ ဓမ္မပဒ၊ မြန်မာပြည်ရဲ့ သီချင်းများ၊ လေလှိုင်းကြားမှစာအုပ်များ Website လမ်းညွှန်၊ သံစဉ်ခံစားတင်ဆက်သူရဲ့ ရင်တွင်းစကား၊ အမှတ်တရ ယနေ့ထမင်းပိုင်း၊ ရွှေဂန္ဓဝင်တေးများ၊ ရေဒီယိုပြန်ဆိုတား၊ ဂန္ဓဝင်တေးစီးရီး၊ အိပ်မက်ချီစသည့် အစီအစဉ်များကို ထုတ်လွှင့်တင်ဆက်ပေးလျက်ရှိသည်။ ထို့ပြင် ၂၀၀၉ခုနှစ် အောက်တိုဘာ ၁ရက်မှစ၍ နေ့ပြည်တော်မြန်မာ့အသံက ထုတ်လွှင့်သည့် နံနက် ၁၁ နာရီ၊ မွန်းလွဲ ၁ နာရီနှင့် ညပိုင်း ၈ နာရီသတင်းများကိုလည်း အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပေးလျက်ရှိသည်။

မန္တလေး FM ရေဒီယိုမှ အုပ်ချုပ်ရေးတာဝန်ခံဦးဖြင့်ဇော်က "မန္တလေး FM ရေဒီယိုအစီအစဉ်များတွင် အသုံးပြုခဲ့သည့် တေးသီချင်းများအတွက် အနုပညာကြေးကိုလည်း မြန်မာနိုင်ငံ

**မန္တလေး FM ရေဒီယိုမှ ဝန်ထမ်းများ။**

**မန္တလေး FM ရေဒီယို အစီအစဉ်များ ထုတ်လွှင့်နေစဉ်။**



**❊ ရွှေ့ဖုံးမှ**

မိုင်းပန်-လင်းခေး ကားလမ်းမမှ တစ်ဆင့် သွားရောက်ရာတွင် လင်းခေးမြို့နယ် ဒါးဆိပ်ကျေးရွာ၌ ဒါးဆိပ်မြစ်ရေတင်စီမံကိန်းရှိသည်။ ဒါးဆိပ်မြစ်ရေတင်စီမံကိန်းသည် ပတ်ဝန်းကျင်ကျေးရွာများသို့ စိုက်ပျိုးရေလုံလောက်စွာ ပေးဝေလျက်ရှိသည်။ လင်းခေးမြို့နယ်နှင့် မိုင်းပန်မြို့နယ်မှ ကျေးရွာများ စိုက်ပျိုးရေရရှိကြသည်။ မိုးစပါး၊ နွေစပါးနှင့် ဆီထွက်သီးနှံများကို ပန်းတိုင်အထွက်နှုန်းရရှိအောင် စိုက်ပျိုးနိုင်ကြသည်။

မိုးစပါး၊ နွေစပါးအပြင် ဆီထွက်သီးနှံ မြေပဲနှင့် နေကြာကို အဓိကစိုက်ပျိုးကြသည်။ မြေပြန့်လွင်ပြင်များတွင် သာမက ကုန်းမြင့်လယ်ယာ မြေများကို လျင်မြန်စွာ ပြောင်းလဲလာခဲ့သည်။ ဒေသခံတိုင်းရင်းသားပြည်သူများကလည်း ဝါယမစိုက်အားထုတ် လုပ်ကိုင်လာကြသည်။ ယင်းတို့သည် နိုင်ငံတော်က ဖော်ဆောင်ပေးခဲ့သည့် ဒါးဆိပ်မြစ်ရေတင်စီမံကိန်း၏ အကျိုးကျေးဇူးကြောင့်ဟုလည်း ဆိုနိုင်ပေသည်။ ။

**လင်းခေးခရိုင် မိုင်းပန်မြို့နယ်ရှိ တောင်သူ ဦးဗျယောဟန်၏ ရွှေစပါး ဧပြန်ဝင်းစိုက်ခင်း။**

- ခေတ်မီဖွံ့ဖြိုးသည့် နိုင်ငံတော်သစ်တည်ဆောက်ရေးနှင့် တိုင်းကျိုးပြည်ပြုလုပ်နိုင်း များကို မသန်စွမ်းသူများ အားလုံး စိတ်ရောက်ပိုပါ ပါဝင်ဆောင်ရွက်နိုင်ရန် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ အတားအဆီးများကို ပိုင်းဝန်းဖယ်ရှားပေးကြပါ။

- "ထောင်စုနှစ်ရည်မှန်းချက်များ ပြည့်ဝစေရေး၊ မသန်စွမ်းသူများကိုလည်း ပိုမိုဆောင်ရွက်ခွင့်ပေး" ဆိုသည့် ၂၀၀၉ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ ဦးတည်ချက်နှင့်အညီ မသန်စွမ်းသူများကို ပိုမိုဆောင်ရွက်ခွင့်များ ပေးရင်းထောင်စုနှစ်ဖွံ့ဖြိုးရေး ပန်းတိုင်ဆီကို တက်ညီလက်ညီ အရောက် လှမ်းကြပါစို့ ဟု တိုက်တွန်း ပြောကြား လိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ၂၀၀၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အဖြစ် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ထံမှ ပေးပို့သည့် သဝဏ်လွှာကို ကုလသမဂ္ဂ အဖွဲ့အစည်းများဆိုင်ရာ ဌာနေညွှန်ကြားရေးမှူး Mr. Bishow B. Parajuli က ဖတ်ကြားသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက ဌာနဆိုင်ရာနှင့် အဖွဲ့အစည်းများမှ ထူးချွန်ဆုရ မသန်စွမ်းသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးများနှင့် Mr. Bishow B. Parajuli တို့က မသန်စွမ်းကျောင်းများမှ ဘက်စုံထူးချွန် မသန်စွမ်းသူများအား ဆုများကို ပေးအပ် ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီးနှင့် ဧည့်သည်တော်များသည် အစည်းအဝေး ခန်းမရှေ့၌ ပြသထားသည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အကြို(လှုပ်ရှားမှု ပြိုင်ပွဲမှတ်တမ်း ဓာတ်ပုံများ၊ မသန်စွမ်းကျောင်းများ၏ လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

ယခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ်ဆောင်ပုဒ်မှာ" ထောင်စုနှစ် ရည်မှန်းချက်များ ပြည့်ဝစေရေး၊ မသန်စွမ်းသူများကိုလည်း ပိုမိုဆောင်ရွက်ပေး" ဖြစ်သည်။

(သတင်းစဉ်)

## ဓာတ်ဆီဖြည့်မှု သတိပြု

**ပူပြင်းသောရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလှလှယ်ခြင်းများ ပြုလုပ်စဉ် ပွတ်တိုက်မှု (Friction)ဖြစ် သဘာဝဝတည်ငြိမ်လျှပ်စစ် (Static Electricity) တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လှလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။**

မီးသတ်ဦးစီးဌာန

## ဆောင်ပုဒ်

**ကြေးမုံသတင်းစာ**

## ညောင်စာရေးတိုက်နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေးကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၃**

ညောင်စာရေးတိုက်နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ပဉ္စမိကာယသာသနဓိမာန်ကျောင်းတိုက် သံဃဇ္ဈာရိကာယ်ကျောင်းဆောင်၌ ဒီဇင်ဘာ ၂၀ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ရာ အသင်းသူ၊ အသင်းသားများနှင့် အသင်းမဝင်ရသေးသော တိုက်နယ်သူ၊ တိုက်နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် ကြိတင်ဆက်သွယ်လိုပါက အသင်းတည်ရာ ဖုန်း-၅၆၅၃၆၀၊ နာယက ဦးတင်ဝင်း ဖုန်း-၅၅၃၄၃၀၉၊ ဥက္ကဋ္ဌ ဦးတင်ညွှန့် ဖုန်း-၂၉၉၆၅၅၅၊ ဒုဥက္ကဋ္ဌ ဦးလှစော ဖုန်း-၆၆၅၈၀၃၊ အတွင်းရေးမှူး ဦးဝင်းနိုင် ဖုန်း-၅၁၈၄၄၄၃၊ ဗဟုသုတဦးလှဝင်း ဖုန်း-၀၉၅၀၃၄၄၅၉၊ ဘဏ္ဍာရေးမှူး ဒေါ်မိုးမိုးညွှန့် ဖုန်း-၀၉-၈၆၁၈၄၄၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

# ရောဂါကြီး(၃)မျိုး တိုက်ဖျက်ရေး M-CCM အဖွဲ့ အစည်းအဝေးကျင်းပ ကျန်းမာရေးဝန်ကြီး ဒေါက်တာကျော်မြင့် အမှာစကားပြောကြား

နေပြည်တော် ဒီဇင်ဘာ ၃

**မြန်မာနိုင်ငံ ရောဂါကြီး (၃)မျိုးဖြစ်သည့် အေအိုင်ဒီအက်စ်၊ တီဘီနှင့် ငှက်ဖျားရောဂါတိုက်ဖျက်ရေးအတွက် 6th Myanmar Country Coordination Mechanism (M-CCM)အဖွဲ့ အစည်းအဝေးကို ဒီဇင်ဘာ ၁ ရက် မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိ မြန်မာနိုင်ငံ M-CCM အဖွဲ့ ဥက္ကဋ္ဌ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။**

အစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာမြင်းနှင့် ဒေါက်တာပိုင်စိုး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ M-CCM အဖွဲ့ဝင်များ၊ ရောဂါကြီး (၃)မျိုးတိုက်ဖျက်ရေးစီမံချက်မှ စီမံချက်မန်နေဂျာများနှင့် တာဝန်ရှိသူများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများနှင့် နိုင်ငံတကာလူမှုရေးအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သဘာပတိ M-CCMအဖွဲ့ဥက္ကဋ္ဌ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ကျော်မြင့်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစောလွင်က (၅)ကြိမ်မြောက် M-CCM Meeting အစည်းအဝေး ဆုံးဖြတ်ချက်ကို ဖတ်ကြား တင်သွင်းပြီး အတည်ပြုချက်ရယူ၍ တက်ရောက်လာကြသူများက ကမ္ဘာ့ရန်ပုံငွေအဖွဲ့၏ မြန်မာနိုင်ငံသို့ ရန်ပုံငွေထောက်ပံ့မှုဆိုင်ရာ ဆုံးဖြတ်ချက်ကို ရှင်းလင်းတင်ပြသည့် တင်ပြချက်များအပေါ် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ယင်းနောက် စီမံချက်မန်နေဂျာများက အေအိုင်ဒီအက်စ်ရောဂါတိုက်ဖျက်ရေး စီမံချက်၊ တီဘီရောဂါ တိုက်ဖျက်ရေးစီမံချက်နှင့် ငှက်ဖျားရောဂါတိုက်ဖျက်ရေးစီမံချက်တို့ကို ရှင်းလင်းတင်ပြကြပြီး M-CCM အဖွဲ့ဝင်များ၏ မေးမြန်းဆွေးနွေးချက်များကို ပြန်လည်ဖြေကြားဆွေးနွေးကြသည်။

ဆက်လက်၍ ကမ္ဘာ့ရန်ပုံငွေအဖွဲ့၏ မြန်မာနိုင်ငံသို့ ရန်ပုံငွေထောက်ပံ့မှုတွင် ရန်ပုံငွေစီမံခန့်ခွဲရေး ကိုယ်စားလှယ်များအဖြစ် ဆောင်ရွက်မည့် Save the Childrenနှင့် ကုလသမဂ္ဂ စီမံချက်လုပ်ငန်းများဆိုင်ရာအဖွဲ့ (United Nation Office for Project Services- UNOPS ) မှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး အစည်းအဝေး တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

ထို့နောက် သဘာပတိ M-CCMအဖွဲ့ ဥက္ကဋ္ဌ ဝန်ကြီး ဒေါက်တာကျော်မြင့်က နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

## အမှာစကားပြောကြား

**မြန်မာနိုင်ငံ ရောဂါကြီး(၃)မျိုးဖြစ်သည့် အေအိုင်ဒီအက်စ်၊ တီဘီနှင့် ငှက်ဖျားရောဂါ တိုက်ဖျက်ရေးအတွက် 6th Myanmar Country Coordination Mechanism(M-CCM) အဖွဲ့ အစည်းအဝေးတွင် သဘာပတိ မြန်မာနိုင်ငံ M-CCM အဖွဲ့ ဥက္ကဋ္ဌ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

# သင့်သွေးဖြင့် အသက်ကယ်ပါ

# ရွှေဂွန်း အထက အာစရိယပူဇော်မည်

**ရန်ကုန် ဒီဇင်ဘာ ၃**

ကရင်ပြည်နယ် လှိုင်းဘွဲ့ဖြို့နယ် ရွှေဂွန်းအထက၏ ပဓမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၀၈ခုနှစ် ဇန်နဝါရီ ၁၀ရက် နံနက် ၉နာရီတွင် ရွှေဂွန်းအထက၌ ကျင်းပမည်ဖြစ်ရာ လက်ရှိကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ အသက် (၆၀) နှင့်အထက် ကန်တော့ခံမည့် ဆရာကြီး၊ ဆရာမကြီးများအနေဖြင့် တက်ရောက်နိုင်ရန်နှင့် ပါဝင်လှူဒါန်းလိုသူများသည် ဒေါ်မိုးပုလဲစီး (ကျောင်းအုပ်ဆရာမကြီး) ဖုန်း-၀၅၈-၄၁၈၈၊ ဒေါ်စောခွန့်ဖုန်း-၀၉-၅၁၀၈၈၀၀၊ ဦးတင်အေး ဖုန်း-၀၉-၅၀၁၀၆၆၇၄(ရန်ကုန်)၊ ဒေါက်တာတင်ဝင်းကျော် ဖုန်း-၀၅၈-၀၇၆၀၀(၅၅၇၃နှစ်)၊ ဦးဖိုးလုံး ဒေါ်ကျင်လွမ်း ဖုန်း-၀၅၈-၂၂၀၁၈၊ ၀၉-၈၇၃၀၀၂၅၅ (ရွှေဂွန်း)၊ ၀၉-၅၅၆၀၆၃၃(ဘားအံ)၊ ဦးတင်ဖေ-ဒေါ်မြင်ရီ ဖုန်း-၀၅၈-၂၀၀၆၈(ရွှေဂွန်း)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

# စာကြည့်တိုက်ဆောက်လုပ်ရေး အလှူငွေပေးအပ်

**ရန်ကုန် ဒီဇင်ဘာ ၃**

နိုင်ငံတော်ခွဲပြုငွေဖြင့် ကျေးရွာစာကြည့်တိုက် ဆောက်လုပ်ရန်အတွက် ထားဝယ်ခရိုင် သရက်ခောင်းမြို့နယ် သရက်နှစ်ခွကျေးရွာတွင် ငွေကျပ် ၁၇ သိန်းလျှဒါန်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၀ ရက်က သရက်နှစ်ခွကျေးရွာ ရပ်ကွက်ရုံး၌ ကျင်းပသည်။ **(အပေါ်ပို့)**

အခမ်းအနားတွင် သရက်ခောင်း မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး ဦးမြင့်စိုးက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိ ဦးထွန်းမြင့်က ကျေးရွာစာကြည့်တိုက် ဆောက်လုပ်ရေး ငွေလှူဒါန်းခြင်း ကိစ္စများကို ရှင်းလင်းပြောကြားသည်။ စာကြည့်တိုက်ဆောက်လုပ်ရေး ငွေလှူဒါန်းခြင်းအတွက် ကျေးရွာပြည်သူများ ကိုယ်စား ရပ်မိရပ်ဖ ဦးကြည်ရှိန်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။ (ကြေးမုံ)

**မောင်တင်အောင်ဟိန်း-မသီရိဝေတို့၏ မင်္ဂလာဦးအလှူအတွက် ငွေကျပ် ခွန်သိန်းကို နှင်းဆီကုန်း ဘိုးဘွားမိုင်းသာအမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသိန်းအောင်ထံ ပေးအပ်လှူဒါန်းစဉ်။**

(ဘိုးဘွားရိပ်သာ)

# ယခု သောကြာပတ် "ဟာပီရိုင်း" ဇာတ်ကား ဆက်လက်ပြသ

**ရန်ကုန် ဒီဇင်ဘာ ၃**

ဒီဇင်ဘာ ၄ ရက် သောကြာနေ့တွင် ပြီးခဲ့သည့် နိဝင်ဘာ ၂၀ ရက်မှ ရုံတင်ခဲ့သော မာဓိရှိန်းဇာတ်ကားသစ် ဆက်လက်ပြသမည်ဖြစ်သည်။ ကမ်းထရီး စတားရုပ်ရှင်ထုတ်လုပ်ရေးမှ နေရီမ၏ ဇာတ်လမ်းကို လွှင်မင်းအံ့ ဇာတ်ညွှန်းရေးဖွဲ့ပြီး ဒါရိုက်တာညီညီထွန်းလွင်၊ တွဲဖက်ဒါရိုက်တာမောင်သိုလန့်ဉ ဩရသတို့ ရိုက်ကူးသည့် မာဓိရှိန်းဇာတ်ကားမှာ ဟာသဇာတ်ကားဟု ဆိုနိုင်သော်လည်း သရုပ်ဆောင်နေတိုး၏ အမျိုးသမီးဟန် သရုပ်ဆောင်မှကြောင့် ပရိသတ်ပိုမို၍ အကြိုက်တွေ့ကြမည်ဟု မျှော်လင့်ရပေသည်။ ရန်အောင်၊ နေတိုး၊ အိမ်ဖြာကျော်ဇင်၊ နန်းဆုရတီမိုး၊ သင်ထေဝင့်ကျော်တို့နှင့်အတူ ဟာသသရုပ်ဆောင်များစွာ အင်အားဖြည့်ပါဝင် သရုပ်ဆောင်ထားကြပြီး မြို့လယ်သမ္မတ၊ သွင်နှင့် မင်္ဂလာရုံသုံးရုံနှင့် မြို့ပတ်ရုံဖြစ်သည့် နဝေးရုံတို့၌ တစ်ပြိုင်တည်း ပြသမည်ဖြစ်သည်။

အခြား မြန်မာဟာသဇာတ်ကား ဖြစ်သည့် သူငယ်ချင်းယောကျ်ား ဇာတ်ကားမှာ မြို့လယ်ဝရီရာ၊ ရွှေဇာတို့ ဘုရင့်နောင်နှင့်ရောဝတီရုံများတွင် ဆက်လက် ပြသနေသည်။

## နိုင်ငံခြားရုပ်ရှင်

နေပြည်တော်ရုံတွင် လူသားမျိုးနွယ်စဉ်ဆက်မပြတ်နေ တက္ကသိုလ် (IHC) မှ ၂၀၁၂ ခုနှစ်တွင် ကမ္ဘာ့ပျက်မည်ဟု သော မာယာလူမျိုးတို့၏ ဟောကိန်းကို အခြေပြု၍ သဘာဝဘေးအန္တရာယ် အများစု ဒဏ်ခံနိုင်သည့် မြို့များကို ဟိမဝန္တာတောင်တန်းများ အောက်ခြေ၌ စတင်တည်ဆောက်စဉ် အမေရိကန် ပြည်ထောင်စု ကယ်လီဖိုးနီးယားတွင် မြေလျင်ကြောင့်ကြီးများ တစ်လျှောက် အက်ကြောင်းများပေါ်လာပြီး အခြား ဒေသများတွင်လည်း သဘာဝဘေး အန္တရာယ်အမျိုးမျိုးနှင့် ကြုံတွေ့ရပုံကို စိတ်ဝင်စားဖွယ် ရိုက်ကူးထားသည့် 2012 ဇာတ်ကားပြသမည်ဖြစ်သည်။

## အိန္ဒိယရုပ်ရှင်

ရွှေဆောင်ရုံတွင် နာမည်ကြီး သရုပ်ဆောင် ရှာရွတ်ခန်၊ အနုပူဇော်တို့ ပါဝင် သရုပ်ဆောင်ထားသည့် RABNE-BANA DIJODI မေတ္တာဘွဲ့ အချစ် ဇာတ်ဆန်းကား ရုံတင်ပြသမည်ဖြစ်သည်။ မြို့လယ်ဘုရင်ရုံတွင် စုပါမင်းသား ရှာရွတ်ခန်၊ ဂျူအီချိုးလားတို့ ပါဝင် သရုပ်ဆောင်ထားသည့် PHIR BHI DIL HAI HINDUSTANI မေတ္တာဘွဲ့ ဇာတ်ကား ပြသမည်ဖြစ်သည်။

မြို့မရုံတွင် အိန္ဒိယနိုင်ငံ ဗဟိုဖဲယား အကယ်ဒမီ ၁၀ ဆုရ ဇာတ်ကားကြီး ဖြစ်သည့် DIL WALE DULHANIA LE JAYENGE ဇာတ်ကား ပြသမည်ဖြစ်သည်။ (ကြေးမုံ)

**ယခု သောကြာပတ် တွင် ဆက်လက်ပြသ နေသော မာဓိရှိန်း ဇာတ်ကားမှ နေတိုး၏ အ မျိုး သ မီး ဟန် သရုပ်ဆောင်မှုကို တွေ့ရစဉ်။**

(ကြေးမုံ)

# မြဝတီရုပ်မြင်သံကြား အစီအစဉ်

၄-၁၂-၂၀၀၉ (သောကြာနေ့)

၅း၀၀ ၇။ ရင်မှာစွဲလန်းတော်ဝင်ပန်း
၅း၁၅ ၈။ အလွမ်းစေတနပန်းချီ ချစ်သူဆီ
၅း၂၀ ၉။ သာယာသီဆင်္ဂြခေတ်ဆန်းတေး
၅း၃၀ ၁၀။ **အာဖရိကၐ၏ တောတွင်းကိုရွှေနှင်းများ အကြောင်း အပိုင်း(၄)**
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၂။ အမျိုးသားနေ့တေးကဗျာ
၆း၂၅ ၁၃။ လျှပ်တစ်ပြက်
၆း၃၀ ၁၄။ **"ရွာ" ဟာသဇာတ်လမ်းတွဲ သားရင်းသမက် (မေထွာ၊ ပေါ်လေး၊ ကျော်ဘသော်၊ မိုးကောင်း)**
၆း၅၀ ၁၅။ စောင့်မျှော်ရွှေစား ကြိုးပိုင်းစကား
၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မုန်းမုန်းမေမေ့ (အပိုင်း-၂၅)**
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အမျိုးသားနေ့တေးကဗျာ
၂၁။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု ခေတ်မီဖွံ့ဖြိုး တိုးတက်ရေး စွမ်းဆောင်ပေးတဲ့ဆက်သွယ်ရေး
၂၂။ ရှင်သန်စေသောသီချင်းများ (Living Songs)
လူမောင်ဆေး(၁)
သတိရနေမှာပါ
အပိုင်း(၁)
၂၃။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၂၄။ ယနေ့ည အတွက်မြဝတီ၏ တေးလက်ဆောင်
၂၅။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -အရှက်ဦး (အပိုင်း -၈)**
၂၆။ သင့်အတွက်မနက်ဖြန်
၂၇။ အပိတ်နှုတ်ဆက်စကား
၂၈။ ပြီးပါပြီ။

## နံနက်ပိုင်း

၅း၀၀ ၁။ မြဝတီအဖွင့်
၅း၀၅ ၂။ တရားတော်
၅း၁၀ ၃။ မမှပူဇာတေး
၅း၂၀ ၄။ မိုးချစ်တပ်မတော်
၅း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၅း၃၀ ၆။ မြန်မာသံစဉ်ချိန်းဝင်
၅း၄၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို့အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအရဉ်
၅း၅၀ ၈။ သာယာသီကြေး ခေတ်ဆန်းတေး
၅း၅၅ ၉။ အမျိုးသားနေ့တေးကဗျာ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၀၀ ၁၁။ အမျိုးသားနေ့တေးကဗျာ
၈း၁၅ ၁၂။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၃။ ပြီးပါပြီ။

## ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ အိုင်စီတီသုတ
၄း၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၃၅ ၅။ မဟာဂီတ ချိကြည်မြ
၄း၅၅ ၆။ မျိုးချစ်တပ်မတော်

# ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ပြန်လည်ထွက်ခွာ

ရန်ကုန် ဒီဇင်ဘာ ၃

**ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Lieutenant General, Nguyen Chi Vinh ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၃၀ ရက် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်ပြို့သို့ ရောက်ရှိကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chu Chong Phung၊ စစ်သံမှူး Snr. Colonel, Nguyen Van Vui နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။**

အဆိုပါ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၁ရက် နံနက် ၉နာရီတွင် လေကြောင်းခရီးဖြင့် နေပြည်တော်လေဆိပ်သို့ ရောက်ရှိကြရာ တပ်မတော်အရာရှိကြီးများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် နံနက် ၁၀ နာရီခွဲတွင် နေပြည်တော် ပေါင်းလောင်းရိပ်သာ၌ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အေးမြင့်အား သွားရောက်တွေ့ဆုံသည်။

မွန်းလွဲပိုင်းတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Lieutenant General, Nguyen Chi Vinh ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် ဗီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးနှစ် ဦးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသုရိန်ဇော်အား သွားရောက်တွေ့ဆုံသည်။

ညပိုင်းတွင် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ရွှေနန်းတော်ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဧည့်သည်တော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်ပြို့သို့ လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာသွားကြရာ တပ်မတော်အရာရှိကြီးများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Lieutenant General, Nguyen Chi Vinh ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်ပြို့မှ ပြန်လည်ထွက်ခွာသွားကြရာ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chu Chong Phung၊ စစ်သံမှူး Snr. Colonel, Nguyen Van Vui နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

# ကိုရီးယားသမ္မတနိုင်ငံ K. T. MARINE CO., LTD. ၏ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ်ရုံး ဖွင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၃**

ကိုရီးယားသမ္မတနိုင်ငံ K. T. MARINE CO., LTD. ၏ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ်ရုံး ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်ပြို့ ကျောက်တံတားပြို့နယ် မဟာဗန္ဓုလလမ်းနှင့် ဝိုလ်အောင်ကျော်လမ်းထောင့် အိုလံပစ်တာဝါ ဒုတိယထပ် အခန်းအမှတ် (၂၀၁)ရှိ အဆိုပါ ကုမ္ပဏီရုံးခန်း၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပို့ဆောင်ရေးဦးစီးဌာန သင်္ဘောသားအလုပ်အကိုင်ကြေကြေရေးဌာန ညွှန်ကြားရေးမှူး ဦးသောင်းကြိုင်နှင့် ကိုရီးယားသမ္မတနိုင်ငံ K. T. MARINE CO., LTD. မှ Chairman, Mr. Lee Young IL တို့က ရုံးခန်းသစ် ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် K. T. MARINE CO., LTD. မှ Chairman, Mr. Lee Young IL က အဖွင့်အမှာစကား ပြောကြားပြီး K.T. MARINE CO., LTD. ၏ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် ဦးကျော်ညွန့်က ကြိုဆို့ဧည့်ခံချက်စကား ပြောကြားသည်။

အဆိုပါ ဌာနေကိုယ်စားလှယ်ရုံးမှာ ကိုရီးယားသမ္မတနိုင်ငံ K. T. MARINE CO., LTD. ၏ မြန်မာနိုင်ငံ၌ မှတ်ပုံတင်ထားသည့် တစ်ခုတည်းသော ဌာနေကိုယ်စားလှယ်ရုံးဖြစ်ပြီး သင်္ဘောသားများအား ရာထူးအဆင့်အလိုက် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိရေး၊ မိသားစုဘဝအဆင့်အတန်း ပိုမိုမြင့်မားလာစေရေးတို့အပြင် နိုင်ငံတော်အတွက်လည်း နိုင်ငံခြားဝင်ငွေများ ရရှိရေး အတွက် အဓိက ရည်ရွယ်ချက်များရှိ ဆောင်ရွက်သွားမည်ဖြစ်သည်။

ဆောင်ရွက်သွားမည့်အပြင် သင်္ဘောသားများအား အသက်အန္တရာယ် လုံခြုံမှုဆိုင်ရာသင်တန်း၊ လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများအပါအဝင် လိုအပ်မည့် သင်တန်းများကိုလည်း ဌာနေကိုယ်စားလှယ်ရုံး၌ ဖွင့်လှစ်ပို့ချသင်ကြားပေးရန် စီစဉ်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**K.T.MARINE CO., LTD. ၏ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ်ရုံး ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။**
(သတင်းစဉ်)

# မင်းဝဏူး၏ ဘဝကိုပြောင်းလဲစေသောအရာများစာအုပ် ထုတ်ဝေဖြန့်ချိ

**နေပြည်တော် ဒီဇင်ဘာ ၃**

မင်းဝဏူး၏ ဘဝကိုပြောင်းလဲစေသော အရာများ (လူ့သဘောထားရပ်တည်ချက်) စာအုပ်ကို တူဒေးစာအုပ်တိုက်က ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရှိရသည်။ **(အောက်ပုံ)**




ယင်းစာအုပ်မှာ စာရေးဆရာ John C. Maxwell ၏ The Difference Maker ကို ဘာသာပြန်ဆိုထားသော စာအုပ်ဖြစ်သည်။

စာရေးသူက " လူတစ်ယောက်သည် သူ့ဘဝကို ပြောင်းလဲလိုလျှင် သူ့ကိုယ်တိုင် တာဝန်ယူ၍ သဘောထားရပ်တည်ချက် ရွေးချယ်မှုတစ်ခု ပြုလုပ်ရမည်၊ သူ၏ သဘောထားရပ်တည်ချက်သည် သူ့ဘဝကို အမှန်တကယ် ကွဲပြားခြားနားသွားအောင် လုပ်ပေးပါလိမ့်မည်၊ ထို့သို့ ကွဲပြားခြားနားခြင်း၏ ရလဒ်သည်လည်း သူ့အပေါ်မှာသာ တည်ပါလိမ့်မည်" ဟူ၍ သူ၏အမြင်ကို တင်ပြထားသည်။

ယင်းစာအုပ်တွင် သဘောထားရပ်တည်ချက်ကို ဘယ်ကရခဲ့သလဲ၊ သဘောထားရပ်တည်ချက်က မလုပ်နိုင်သောကိစ္စများ၊ သဘောထားရပ်တည်ချက်က ဘာလုပ်ပေးနိုင်သလဲ၊ သဘောထားရပ်တည်ချက်ကို အဖိုးတန် အရည်အချင်းဖြစ်အောင် ဘယ်လိုလုပ်မလဲ၊ စိတ်ပျက်ခြင်းကို ကိုင်တွယ်ဖြေရှင်းပါ၊ သဘောထားရပ်တည်ချက်ကို အောင်မြင်စွာပြောင်းလဲခြင်း၊ ပြဿနာကို မှန်ကန်စွာ ကိုင်တွယ်ဖြေရှင်းပါ၊ ကြောက်ရွံ့ခြင်းကို ဘယ်လိုကိုင်တွယ်မလဲ၊ ဆုံးရှုံးခြင်းမှ အမြတ်ထွက်အောင် ဘယ်လိုလုပ်မလဲနှင့် သင့်သဘောထား ရပ်တည်ချက်သည် အခြားလူများ၏ ဘဝကိုလည်း ကွဲပြားခြားနားသွားစေရန် ကူညီနိုင်သည်ဟူသည့် အခန်း ၁၀ ခန်း ပါဝင်ပြီး တစ်ခန်းချင်းကို စိတ်ဝင်စားစွာ ဖတ်ရှုလေ့လာကြရမည်ဖြစ်သည်။

ယင်းစာအုပ်ကို တူဒေးစာအုပ်တိုက် ရန်ကုန်ပြို့၊ ဖုန်း-၅၀၇၃၈၅၊ ၅၀၇၃၉၁၊ ၅၀၇၃၉၂ နှင့် မန္တလေးမြို့၊ ဖုန်း-၃၈၇၇၉ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ASEAN Furniture Industries Council (AFIC) ညီလာခံတက်ရောက်ရန် စင်ကာပူသမ္မတနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဒီဇင်ဘာ ၃**

စင်ကာပူသမ္မတနိုင်ငံ၌ ဒီဇင်ဘာ ၄ ရက်မှ ၅ ရက်အထိ ကျင်းပမည့် ASEAN Furniture Industries Council (AFIC) ၏(၁၉) ကြိမ်မြောက် လုပ်ငန်းကော်မတီ အစည်းအဝေးနှင့် ညီလာခံတို့သို့ တက်ရောက်ရန် မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းမှ အတွေထွေအတွင်းရေးမှူး ဦးနေထွန်းမင်းနှင့် တွဲဖက်အတွေထွေအတွင်းရေးမှူး(၁) ဒေါက်တာ မျိုးသက်တို့သည် ယမန်နေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်ပြို့မှ ထွက်ခွာသွားကြရာ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းမှ တွဲဖက်အတွေထွေအတွင်းရေးမှူး(၃) ဦးအောင်နိုင်ဦးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ ခရီးစဉ်အတွင်း စင်ကာပူသမ္မတနိုင်ငံရှိ Singapore Timber Association အဖွဲ့နှင့်လည်း နိုင်ငံတကာသစ်စျေးကွက် အခြေအနေနှင့် စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

# မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၄-၁၂-၂၀၀၉ (သောကြာနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ တောင်တန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ဟောကြား တော်မူသောဥပ္ပါတသန္တိပါဠိတော်

၇း၃၀ ၂။ နံနက်ခင်းသတင်း

၇း၄၀ ၃။ အဂ္ဂဲလယာဓိပတိ (ယဉ်ပေယံထွန်း၊ တေးရေး-ဂီတစာဆိုမိုးနွယ်ဆွေ)

၇း၅၀ ၄။ သံသာရိုးတေးပင်လယ်တေး

၈း၁၅ ၅။ လှုပ်ရှားပြဇာတ်ပျော်ရွှင်

၈း၁၅ ၆။ အကယ်ပြိုင်ပွဲ

၈း၂၅ ၇။ လင်ပန်းရေလောင်တေးနှယ်

၈း၃၀ ၈။ ကြေးမုံရုပ်သွင်တေးနှယ်

၈း၄၀ ၉။ International News

၈း၄၅ ၁၀။ "ကျော်သွားမှာလား၊ ဖော်စားမှာလား"

၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ခိုတေး၊ စစ်သည်တေး

၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသားပွဲရာတေးသံသာ

၄း၁၅ ၃။ အတိုးပြိုင်ပွဲ

၄း၂၀ ၄။ နိုင်ငံခြားမှုးအလေးထားကျေးလက်ထုတ်ကုန်များ

၄း၃၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရှုမြင်သံကြား သင်ခန်းစာ -ဒုတိယနှစ် (အိမ်တွင်းစီးပွား) (ပြည်သူ့ရေးရာဆွေးပြ) (ဦးပွားရေးပညာ)

၄း၄၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄း၅၀ ၇။ မြန်မာစာ၊ မြန်မာစကား

၅း၁၀ ၈။ "တက္ကစီမီတာသင်လိုရာ"

၅း၂၀ ၉။ နောင်းခေတ်တေးပေဒေသာ

၅း၃၀ ၁၀။ ပဥ္စလက်ကျောင်းတော်

၆း၀၀ ၁၁။ ညနေခင်းသတင်း

၆း၁၅ ၁၂။ ပို့လေ့လာအခြေခံနေ

၆း၂၀ ၁၃။ ချင်းပြည်နယ်သို့ခရီးတစ်ခေါက်

၆း၃၀ ၁၄။ ဂီတသံစဉ်အလှဆင်

၇း၀၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေဘွာလော်း-ရိပ်" (အပိုင်း-၁၈)**

၈း၀၀ ၁၆။ ပြည်တွင်းသတင်း

၁၇။ နိုင်ငံတကာသတင်းများ

၁၈။ မိုးလေဝသအခြေအနေ

၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေဘွာလမ်းဆုံ" (အပိုင်း-၈၀)**

၂၀။ သီချင်းရွှင်လှ (ခင်မောင်ထူး)

၂၁။ အစီအစဉ်ပြီး၏။

# ကြော်ငြာ

# အနောက်ပိုင်းဒေသများ ညအပူချိန် ဆက်လက်ကျနိုင်

ရန်ကုန် ဒီဇင်ဘာ ၃

**ယနေ့နံနက် ၉ နာရီခွဲထိ ပိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကျရောပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ဒီဂရီစင်တီဂရိတ်မှ ၈ ဒီဂရီစင်တီဂရိတ်အောက် ၅ ဒီဂရီစင်တီဂရိတ်၊ မန္တလေးတိုင်းတို့တွင် ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အောက် ၃ ဒီဂရီစင်တီဂရိတ်၊ ပဲခူးတိုင်းတို့တွင် ဒီဂရီစင်တီဂရိတ်မှ ၁၀ ဒီဂရီစင်တီဂရိတ်အောက် ၇ ဒီဂရီစင်တီဂရိတ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်း၊ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ဒီဂရီစင်တီဂရိတ်မှ ၅ ဒီဂရီစင်တီဂရိတ်အောက် ၂ ဒီဂရီစင်တီဂရိတ်၊ ပဲခူးတိုင်းတို့တွင် ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အောက် ၀ ဒီဂရီစင်တီဂရိတ်၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ဒီဂရီစင်တီဂရိတ်မှ ၃ ဒီဂရီစင်တီဂရိတ်အောက် ၁ ဒီဂရီစင်တီဂရိတ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ဒီဂရီစင်တီဂရိတ်မှ ၂ ဒီဂရီစင်တီဂရိတ်အောက် ၁ ဒီဂရီစင်တီဂရိတ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် မွန်ပြည်နယ်တို့တွင် ဒီဂရီစင်တီဂရိတ်မှ ၁ ဒီဂရီစင်တီဂရိတ်အောက် ၀ ဒီဂရီစင်တီဂရိတ်၊ ကရင်ပြည်နယ်(မြောက်ပိုင်း)၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ဒီဂရီစင်တီဂရိတ်မှ ၁ ဒီဂရီစင်တီဂရိတ်အောက် ၀ ဒီဂရီစင်တီဂရိတ်၊ ကရင်ပြည်နယ်(တောင်ပိုင်း)၊ တနင်္သာရီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ဒီဂရီစင်တီဂရိတ်မှ ၂ ဒီဂရီစင်တီဂရိတ်အောက် ၁ ဒီဂရီစင်တီဂရိတ်၊ ပဲခူးတိုင်း

❑ တည်ငြိမ်အေးချမ်းမှု တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှု ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

## ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ပိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - **ရန်တိုက်ပေးနေသည်။**
☆ RFA, DVB - **သွေးထိုးနေသည်။**
☆ **ခလောက်ဆန် အကောက်ကြံ လေလိုင်းသံများ။**
☆ **နားမယောင်လေနဲ့ သတိထား။**

မန္တလေး FM မှ တေးသံရှင်သျှိန့် တွေ့ဆုံမေးမြန်းစဉ်။

# သောတရှင် ပရိသတ်များအကြား အောင်မြင်ရေပန်းစားလာသော မန္တလေး FM ရေဒီယို

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ
မောင်မောင်ထွေး (သတင်းစဉ်)

အနုပညာပြင် - ဦးသန္တာရှေ

**နံနက်တိုင်း ထိုင်နေကျ ရန်ကုန်တိုင်း သုဝဏ္ဏမြို့ ရပ်ကွက်တစ်ခုအတွင်းရှိ လက်ဖက်ရည်ဆိုင်ကား လူကြီး၊ လူငယ်ပရိသတ်စုံလှ၏။ သို့သော် အခြားဆိုင်များကဲ့သို့ ပြိုပြိတ်တုစလောင်းမရှိ၊ ရုပ်မြင်သံကြားစက်မရှိ၊ ဘောလုံးပွဲမရှိ၊ ကက်ဆက်မရှိ၊ ရေဒီယိုတစ်လုံးနှင့် ဆောင်းဘောက်စ်သာရှိ၏။**

အဆိုပါ လက်ဖက်ရည်ဆိုင်သို့ ကျွန်တော်တို့ ရောက်လျှင် လေလိုင်းကြားမှ (87.9) မန္တလေး FM ရေဒီယိုက နွေစဉ်ကြိုဆိုလျက်ရှိသည်။

သို့ဖြင့် ကျွန်တော်တို့သည်လည်း မန္တလေး FM ပရိသတ်တစ်ဦး ဖြစ်မှန်းမသိဖြစ်လာခဲ့သည်။ ထို့အတူ ရန်ကုန်နှင့် မန္တလေးမြို့တို့ရှိ သောတရှင် ပရိသတ်များသည်လည်း "မန္တလေး FM မှ မန္တလေး FM " ဖြစ်လာခဲ့ကြသည်။ အိမ်တွေမှာလည်း မန္တလေး FM၊ ကိုယ်ပိုင် ယာဉ်တွေပေါ်မှာလည်း မန္တလေး FM၊ သူ့လက်ပေါ်မှာလည်း မန္တလေး FM စသည်တို့ဖြင့် တွေ့မြင်ကြားခဲ့ရပြန်ပါသည်။

ကိုနီးယား ဇာတ်လမ်းတွဲများဖြင့်သာ ပျော်မွေ့လေ့ရှိသူ အစ်မဖြစ်သူတစ်ဦးကလည်း မန္တလေး FM အစီအစဉ် နားဆင်နိုင်ရန် ရေဒီယိုတစ်လုံး မကြာမီက ဝယ်ယူလိုက်သည်ကို တွေ့ရသဖြင့် မန္တလေး FM ၏ ဩဇာသက်ရောက်မှုကို အသိအမှတ်ပြုခဲ့ရလေပြီ။

မန္တလေး FM အသံလွှင့်အစီအစဉ်ကို ၂၀၀၈ ခုနှစ် ဧပြီ ၃ ရက်မှ စတင်၍ စမ်းသပ်ထုတ်လွှင့်ခဲ့သည်။ စတင်ထုတ်လွှင့်စဉ်က ပြန်လည်ထုတ်လွှင့်ခြင်းစနစ် အပါအဝင် နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီ၊ မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီအထိ ထုတ်လွှင့်ပေးခဲ့သည်။

ယင်းနောက် ၂၀၀၈ ခုနှစ် ဧပြီ ၁၇ ရက်မှ နိုဝင်ဘာ ၁၇ ရက်အထိ နံနက် ၅ နာရီခွဲမှ ၁၀ နာရီခွဲ၊ နံနက် ၁၀ နာရီခွဲမှ ညနေ ၃ နာရီခွဲ၊ ညနေ ၃ နာရီခွဲမှ ည ၈ နာရီခွဲအထိ ပြန်လည် ထုတ်လွှင့်ခြင်းစနစ်ဖြင့် တစ်နေ့လျှင် ၁၅ နာရီ ထုတ်လွှင့်ပေးခဲ့သည်။

ထို့နောက် ၂၀၀၈ ခုနှစ် နိုဝင်ဘာ ၁၈ ရက်မှ ယနေ့ကာလအထိ နံနက် ၅ နာရီမှ ည ၁၁ နာရီအထိကို ပြန်လည် ထုတ်လွှင့်ခြင်း

**စာမျက်နှာ ၉ ကော်လံ ၁ သို့**

## ထူးခြားသည့် ညအပူချိန်များ

(၃-၁၂-၂၀၀၉)

| | | |
|---|---|---|
| ဟားခါး | - | ၀ ဒီဂရီစင်တီဂရိတ် |
| လွိုင်လင် | - | ၂ ဒီဂရီစင်တီဂရိတ် |
| နမ့်စန် | - | ၅ ဒီဂရီစင်တီဂရိတ် |
| ပင်လောင်းနှင့်ဟဲဟိုး | - | ၆ ဒီဂရီစင်တီဂရိတ်စီ |

## ယနေ့မိုးလေဝသ

(၄-၁၂-၂၀၀၉)

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အဆင့် ဖြစ်ထွန်းမည်**